စိတ်ကူးချိုချိုအနုပညာ



# ပဉ္စမမြောက် သမ္မာကျမ်းစာသစ်ဖော် အမိန့်တော်မှန်တမ်း

## ငြိမ်းကျော်

မြန်လည်ရိုက်နှိပ်ခြင်း

# ဝတ္ထု ... အစရှိသည့် အကြောင်း

## (က)

ပြာသိုလဆန်းကာစပင်ရှိသေးသည် ။ ဥဩသံကို နီးကပ်ပီသစွာ ကြားလိုက်ရလေသည် ။ ဥတ္တရဆောင် ၏ အရှေ့မြောက်ဘက် ကျွန်းဖိုပင်ထက်က။ ကျွန်တော့်မိတ်ဆွေက မျက်မှောင်ချိုကာ နားစွင့်ပြီး "ဒီနှစ်တော့ မနှစ်ကထက် ပိုပူပြင်းမယ် ထင်ရဲ့ "ဟု ပြောသည် ။ ကျွန်တော်က တစ်ခွန်းပြန်ပြောသည် ။ ဆောင်းရာသီစောစော ကုန်မည်စိုးသည် ဟု ။ ထို့နောက် ကျွန်တော်၏ စိတ်ကူးယဉ်စီမံကိန်းကို ဆက်ပြီးပြောပြလိုက်သည် ။

မြောက်ဘက်တောင်တန်းဒေသတစ်လျှောက် ရှမ်းရိုးမ၊ ပဲခူးရိုးမနှင့် ရခိုင်ရိုးမတောင်ပေါ်မြို့တွေ တည် ဆောက်ခဲ့သည် ။ သယံဇာတစက်ရုံတွေကို ဒေသအလိုက် တည်ဆောက်ခဲ့သည် ။ တောင်ပေါ်မြို့ လေယာဉ်ကွင်း တွေ၊ တောင်နှင့် မြောက် ရထားလမ်းသုံးစုံ၊ အဝေးပြေးကားလမ်းကြီးတွေ၊ အေးချမ်းငြိမ်သက်သော စိုက်ပျိုးခင်းတွေ၊ ပင်လယ်လေပြည်ရနံ့၊ ရေခဲငွေ့တို့ ရိုက်ခတ်သော တက္ကသိုလ်တွေ၊ သုတေသနဌာနတွေ၊ သိပ္ပံနှင့် အနုပညာ တို့ မှန်ကန်လှပစွာ ဖူးပွင့်နေသည် ဟု ကျွန်တော့်အိပ်မက်ကို ပြောပြခဲ့သည် ။ ကျွန်တော့်မိတ်ဆွေက

နားထောင်လို့ ကောင်းတယ်ဟု ပြုံး၍ ပြော၏။ ကျွန်တော့်ကိုယ် ကျွန်တော်သိ၍ ရောနှောပြုံးခဲ့သည် ။ ကျွန်တော်သည် အုတ်စီ ပန်းရန်အတတ်ကို တစ်မျိုးတတ်နေပြီဟု ။ အပေါ်မှ တစ်စတစ်စစီကာ အောက်သို့ ရွေ့သောအတတ်ဟု လှောင် ပြောင်ပြောချင်သည် ။ အခင်းအကာအုတ်မြစ်ကို ဖယ်ကာ အမိုးမိုးခြင်းဖြင့် အဆောက်အအုံ ဆောက်လိုသူပေ တကား။

******

(ခ)

ကျောင်းသားဘဝ၏ ပျော်ရွှင်ချမ်းမြေ့မှုတို့ သည် ကျွန်တော့်ရင်ထဲတွင် အစဉ်သဖြင့် ကိန်းဝပ်လျက်ရှိပေ လိမ့်မည်။ ထိုကာလတို့ သည် ယခု အချိန်တွင် ရွေ့လျောသွားခဲ့ပြီဖြစ်သောလည်း ကွယ်ပျောက်သွားခြင်းကား မရှိ ပေ။ အရာရာကိုပင် မှတ်မှတ်သားသားရှိနေသည် ။ လေးတန်းတုန်းက ရေးခဲ့သည့် စာစီစာကုံးစာအုပ်ကို မနေ့က ပြန်ဖတ်ကြည့်မိသေးသည် ။ တစ်ခုတော့ သတိပြုမိသည် ။ ကျွန်ုပ်၏ ရည်ရွယ်ချက်အမည်ရှိသော စာစီစာကုံးတွင် ရည်ရွယ်ချက်နှစ်မျိုး ကျွန်တော် ရေးထားသည် ။ စာရေးဆရာဖြစ်ရန်နှင့် အင်ဂျင်နီယာဖြစ်ရန်။ ပညာသဘာဝအားဖြင့် မတူသော အတတ်နှစ်ခု။ စာရေးဆရာဟူသော အသုံးကို စိုက်ပျိုးရေးကျမ်း၊ မွေးမြူရေးကျမ်း၊ ဗဟု သု တကျမ်း စသော ကျမ်းပြုစာရေးဆရာဟု မရည်စူးခဲ့ကြောင်း သေချာသည် ။ ဝတ္ထုရေးသော စာရေးဆရာဖြစ်ရန် ရည်ရွယ်ချက်ထားသည် ဟု နားလည်သည် ။

ထိုစဉ်ကပင် ကျွန်တော်၏ စိတ်ကူးသည် နှစ်ခွ။

နောင်သောအခါ သုတေသနတောက်တိုမည့်ရ ပြုလုပ်ခြင်းနှင့် ဝတ္ထု တို၊ ဝတ္ထုရှည် ရေးခြင်းတို့ သည် ငယ်စဉ်ကပင် ဝါသနာနှစ်ခွပါလာသည့် အထုံရေစက်ဟု အောက်မေ့၏။

******

(၈)

မဂ္ဂဇင်းတိုက်၏ လိပ်စာကိုသာ သိသည် ။ လိုက်ပို့ပေးမည့် သူ မရှိ။ မိတ်ဆက်ပေးမည့် သူမရှိ။ ဆက်သွယ် ပေးမည့် သူမရှိ။ ထို့ကြောင့် သူငယ်ချင်း ကဗျာဆရာနှင့် အတူ သတ္တိအပြည့်မွေးကာ ရန်ကုန်မြို့သို့ ဘတ်စ်ကား စီးပြီး ချီတက်ရသည် ။ ကျွန်တော့်လွယ်အိတ်ထဲ၌ ဝတ္ထုတိုတစ်ပုဒ်၊ သူငယ်ချင်း၏ ကဗျာငါးပုဒ်၊ ၃၂ လမ်းတွင် မဂ္ဂဇင်းတိုက်တည်ရှိသည် ။ အမှတ်ကို အလွတ်ရသည် ။ သို့သော် မည်သည့် အပိုင်းတွင် ရှိသည် မသိ။ ထို့ကြောင့် ကမ်းနားလမ်းမှ မြောက်စူးစူးသို့ ၃၂ လမ်းအတိုင်း မဂ္ဂဇင်းတိုက်ကို တမော့မော့ရှာကာ နှစ်ယောက်သား သွား ကြသည် ။ အရှေ့ဘက် တိုက်ခန်းများကို ကျွန်တော် ကြည့်သည် ။ အနောက်ဘက်တိုက်ခန်းများကို သူငယ်ချင်း က ကြည့်သည် ။ မဂ္ဂဇင်းဆိုင်းဘုတ်ကို ရှာကြခြင်းဖြစ်သည် ။ အရှေ့အနောက် လမ်းမကြီးများကို ကျော်လာရသည် ။ အထက်ပိုင်းသို့ ရောက်လာသည် တွင် မဂ္ဂဇင်းတိုက်ကို တွေ့သည် ။ အပေါ်ထပ် လှေကားဝသို့ အရောက် တွင် ရင်တွေခုန်လာ၏။ မင်းတက်လေဟု ကျွန်တော့်ကို သူ ပြော၏။ လှေကားတစ်ထစ် ကျွန်တော် ဦးသည် ။ ယခုအခါ သူ့ကို ကျွန်တော် နောက်သည် ။ မင်းထက် ငါက လှေကားတစ်ထစ်စောပြီး စာပေလောကထဲ ဝင်လာ တဲ့ ကောင်ကွဟု ။

သူသည် လည်း ကျွန်တော့်နည်းတူ ကဗျာစာရွက်တွေ ပါတယ်နော်ဟု မေးသော သူ့အသံမှာ မသိမသာ တုန်လျက်။ အယ်ဒီတာများ ၊ စာရေးဆရာ၊ ကဗျာဆရာများကို တွေ့ရမည်မှာ ရင်ခုန်ဖွယ်။ သူတို့ အကြည့်ကို ထိတ်လန့်နေပေသည် ။ ဘာတွေများ မေးမလဲ။ ဘယ်လိုဖြေရမလဲ။ အလိုလိုနေရင်း အသည်းငယ် လျက် ရှိချေ၏။

ပထမဆုံး ဝတ္ထုတိုကို ရွေးချယ်ဖော်ပြလိုက်သောအခါ ကျွန်တော့်ကိုယ် ကျွန်တော် မယုံနိုင်အောင် ဖြစ် သွားရသည် ။ ဒဏ္ဍာရီများ လား၊ အိပ်မောကျရင်း ယောင်ယမ်းနေသလား။ နောက်အပုဒ်တွေ မရေမတွက်နိုင်အောင် အပယ်ခံရသည် ။ နောင်တွင် ချွတ်ယွင်းချက်တွေပြင်၊ ကိုယ့်စာကိုယ်ဝေဖန်။ ထိုအချိန်၌ ကလောင်အမည် တစ်ခုပြောင်းပြီးလေပြီ။ ရေးသမျှလိုလို မဂ္ဂဇင်းမှာ ပါ လာလေပြီ။

သူငယ်ချင်းတစ်ယောက်နှစ်ယောက်က အယ်ဒီတာနဲ့ အကြောင်းအပေါင်းသင့်လို့ ပါ။ ဒီကောင် ရေးတာ လောက်တော့ အလကားပါဟု စကားတင်းဆိုသည် ။ ကျွန်တော်က ရယ်၍ သာ နေလိုက်သည် ။ လွယ်လွယ်မလာ ခဲ့ရသော ကိုယ့်ဘဝကိုယ် နားလည်သည် ။ လမ်းကြမ်းတွင် လျှောက်ခဲ့ရသူ၏ ခြေဖဝါးတွင် ဆီးစေ့နင်းမိရုံမျှဖြင့် သွေးခြေ မဥတတ်တော့။ ဆူးသေး ဆူးမွှားတို့ စူးမဝင်နိုင်တော့။

ကျွန်တော့်စာလမ်းက ကြမ်းလှချေ၏။

******

ရေးခဲ့သည့်            ဝတ္ထုတိုအတော်များများမှာ လှောင်စာထေ့စာ ဝတ္ထုတိုများ ။ ထိုဝတ္ထုမျိုးကို ဆက်၍ မရေး ဖြစ်ခဲ့။ ပုံသဏ္ဍာန်နှင့် တင်ပြပုံနည်းနာမှာ ကုန်ကြမ်းသဖွယ်သာ ရှိနေသေးသည် ဟု မိမိကိုယ်မိမိ သတိပြုမိ၍ ဖြစ် လေသည် ။ ထိုစာအမျိုးအစားမှာ အရေးရခက်သည် ။ ထို့ပြင် ရေးသူ၏ စိတ်နေစိတ်ထားနှင့် သက်ဆိုင်နေသည် တို့ လည်း ရှိသေးသည် ။ စာပေအတွေ့အကြုံ၊ ဘဝအတွေ့အကြုံတို့ နှင့် လည်း သက်ဆိုင်နေသေးသည် ။ စေတနာ ကိစ္စ။ မတော်မတည့် မကိုးမကားပြုလေ့ရှိသူတစ်ဦးကို ပြုံး၍ ကြည့်ကြရာတွင် အပြုံးချင်း ကွာခြားသည် ။ စက်ဆုပ်ရွံရှာသော အပြုံး၊ နှိမ်ချချိုးဖဲ့သောအပြုံး၊ ကရုဏာအပြုံး စသည် ... စသည် ။ ကရုဏာအပြုံးမျိုးကို ပြုံးနိုင် သော ခွန်အားနှင့် အသိအမြင်ကောင်းစွာမရှိသေးသည့် နှစ်ဆယ်ကျော်သာသာ။ ပြဿနာတစ်ခု၏ အရင်း အမြစ်၊ လူပုဂ္ဂိုလ်တစ်ယောက်၏ စရိုက်၊ လူ့အလွှာအတန်းအစားနှင့် သဘောသကန်ကို မိမိ၏ ဆန္ဒစွဲဖြင့် ကင်း၍ မကြည့်တတ်သေး။ ထိုအခါ ကျူးလွန်ခြင်း မရှိခဲ့သော်လည်း ကျူးလွန်စေနိုင်သော ဆန္ဒကတိကို မြင်သောအား ဖြင့် အရေးဖြတ်ပစ်လိုက်သည် ။ မလိုတစ်မျိုး၊ လိုတစ်မျိုး ရေးမိမည်စိုးသောကြောင့် လှောင်စာထေ့စာ ဝတ္ထုတို ရေးသားရန် အလေ့အကျင့်များ စွာပြုလုပ်ရန် လိုသေးသည် တစ်ကြောင်းတို့ ကြောင့် ခဏနားခဲ့သည် ။

ယခုအခါ ထိုစာမျိုးရေးရန်၊ ပြန်လည်စမ်းသပ်ရန် ကျွန်တော် စိတ်ကူးထားပေပြီ။

******

ဝတ္ထု ဘာကြောင့် ရေးသနည်း။ ထိုမေးခွန်းကို ဖြေဆိုရန် မဆိုထားနှင့် ။ မိမိကိုယ်မိမိ မေးပင် မမေးမိခဲ့။ မကြာမီက ဝတ္ထုရေးခြင်း၊ ဝတ္ထုလောကသားတို့ နှင့် တွေ့ဆုံခြင်း၊ ဝတ္ထုစာအုပ် ထုတ်လုပ်ရောင်းချသော ဝတ္ထု ကုန်သည် တို့ နှင့် တွေ့ဆုံကြုံကွဲခြင်း၊ ဝတ္ထုဖတ်သူတို့ နှင့် လူချင်းစာချင်း တွေ့ဆုံခြင်းတို့ ကြောင့် မေးမိလာသည် ။ အဖြေရသည် ။ ပြတ်တောင်းလွန်းသည် ။ ရေးချင်လို့ ရေးတယ်ဟူသောအဖြေ။ ဘာလို့ ရေးချင်လဲဟု မေးခွန်း အထွန့်တစ်ချက်တက်ကာ ကျွန်တော့်ကိုယ်ကျွန်တော် မေးသည် ။ အနည်းငယ် ပျော့ပျောင်းလာသည် ။ ပြောချင် တာတွေ ရှိလို့ပေါ့ဟူသော အကြောင်းပြချက်ကို ရလာသည် ။ ပြောချင်တာတွေ ရှိလို့လားဟု ထပ်မံမေးသည် ။ လူ ပဲဟ ပြောချင်တာတွေရှိတာချည်းပေါ့ဟု ထပ်မံဖြေသည် ။ ဘာတွေတုန်းဟု မေးသည် တွင် ချက်ချင်းမူ ပြန်မဖြေနိုင်။ တဖြည်းဖြည်းနှင့် ဖြေလာနိုင်၏။ မကျေနပ်စရာတွေရှိတယ်၊ ပျော်စရာတွေရှိတယ်၊ မုန်းတီးတာတွေ ရှိ တယ်၊ ချီးကျူးချင်တာတွေရှိတယ်။ အများကြီးပေါ့။ ချစ်စရာကောင်းတဲ့ လူတွေ၊ မချစ်စရာကောင်းတဲ့ လူတွေ အကြောင်း၊ သနားစရာကောင်းတဲ့ လူတွေအကြောင်း။ ပြောချင်တာနဲ့ ပါးစပ်နဲ့ က ဆံ့တောင် မဆံ့ဘူး။ ပြီးတော့ ဝေဒနာမျိုးစုံ ပြလိုက်ချင်တယ်။ အစရှိသည် ဖြင့်ပေါ့ ...။

ဝေဒနာပဲလား၊ လူ့သဘာဝ လူ့စရိုက်ပဲလား၊ ထို့ထက် ပို၍ ပြောချင်စရာမရှိတော့ပြီလား။ ရှိသည် ။ လူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တစ်ဦးတစ်ယောက်ချင်းအရလည်း လေ့လာနိုင်သည် ။ အများ နှင့် ဆိုင်သော အတွင်းသရုပ်ကိုလည်း လေ့လာနိုင်သည် ။ လေ့လာစဉ်ကပင် ထိုတစ်ဦးတစ်ယောက်နှင့် ထိုတစ်ဦးတစ်ယောက် ပါဝင်နေသော လူ့အဆောက်အအုံကို ခွဲခြား၍ မြင်ခြင်းဌာ ကျွန်တော် မစွမ်း။ ထိုတစ်ဦးတစ်ယောက်၏

စိတ် ဓာတ်၊ ထိုတစ်ဦးတ်စယောက်၏ ယဉ်ကျေးမှုတို့ သည် ထိုတစ်ဦးတစ်ယောက်၏ အုံကျင်းအရိပ်အာဝါသအောက် မှ သာ ဖြစ်ပေါ်လာပေသည် ။ ကျွန်တော့်အတွက်မူ အရိပ်အာဝါသအောက်မှ သာ ဖြစ်ပေါ်လာပေသည် ။ ကျွန်တော့် အတွက်မူ ဝတ္ထုရေးရန် ကုန်ကြမ်းအသီးသီးကို မျက်စိရှေ့မှောက်ရှိ လူအသီးသီးထံမှ အနည်းနှင့် အများ ဆိုသလို ထိုသဘောသဘာဝတို့ ဖြင့် စုဆောင်းရရှိခဲ့လေသည် ။ သို့သော် ကျွန်တော်၏ ပစ္စည်းကုန်ကြမ်းဂိုဒေါင်ထဲရှိ ယင်း တို့ ကို မည်သည့် ဝတ္ထုရှည်များ တွင်မှ ထည့်သွင်းအသုံးမပြုခဲ့ရသေး။ လုပငြေပြစ်သော ကုန်ချောများ အဖြစ် ပြု လုပ်၍ မပြီးစီးသေးသောကြောင့် ဖြစ်လေသည် ။

သုတေသနအတွက် ကွင်းဆင်းလေ့လာခြင်းနှင့် ပိဋကတ်တိုက်တို့ ကို ကျွန်တော် အားကိုးခဲ့ရသည် ။ ဝတ္ထုအတွက် လူမှုဆက်ဆံရေးနှင့် လူ့အဆောက်အအုံတို့ ကို ကျွန်တော် အားထားရလေသည် ။ လူမှုဆက်ဆံရေး ထဲတွင် လူတို့ ၏ အပြုအမူ၊ စိတ်နေစိတ်ထား၊ ကိုယ်ကျင့်တရားနှင့် အဖြစ်အပျက်များကို ကျွန်တော် ရရှိသည် ။ လူ့အဆောက်အအုံသည် လူမျက်နှာများကို ဖတ်ရှုရန် ပိဋကတ်တိုက်နှင့် အလားတူလေ၏။

******

**(၈)**

ယခုအခါတွင် ဖြောင့်ချက်တစ်ခုပေးရန် လိုအပ်ပြီဟု ထင်သည် ။ ယ င ်းမ ၂၁ ဝတ္ထုရှည်ရေးရန် ကျွန်တော် ပျင်းရိခြင်းနှင့် စိတ်ဓာတ်မတက်ကြွခြင်းပင် ဖြစ်သည် ။ အကယ်၍ သုတေသနကိစ္စများ တွင် စိတ်ပါဝင်စားခြင်း၊ အချိန်ပြည့်လုပ်ရှားခြင်း

ကဲ့သို့ ဝတ္ထုဘက်တွင် တစ်ဝက်မျှသာရှိပါက တစ်လတစ်ပုဒ်ထက်မနည်း ဝတ္ထုတွေ ရေးနိုင်ပေလိမ့်မည်။ ရေးစရာအကြောင်းတွေ၊ ဇာတ်လမ်းဇာတ်အိမ်တွေမှာ ကျွန်တော့်တွင် လေးငါးဆယ်ထက် မနည်းရှိနေ၏။ အသစ်တိုးဝင်လာသည် တို့ မှာ လည်း မနည်းလှ။ မှတ်စုမှတ်သားပြုမထား၍ အချို့ဆိုလျှင် ယောင်ဝါးဝါး၊ အချို့ကား အစပင်ဖော်၍ မရတော့။ မကြာမီကမှ အမှတ်အသားပြုသောအကျင့်ကို မွေးမိသည် ။ ဝတ္ထုရေးရန် နှေးကွေးခြင်းမှာ ဖန်တီးမှုကဿာရကို ပင်ပန်းတကြီး ကျော်ဖြတ်ရသောကြောင့် ဖြစ်မည်ထင်၏။

သုတေသနကိစ္စမှာ အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၌ သာ အချိန်ကုန်သည် ။ နှိုင်းချိန်ဆုံးဖြတ် သောအပိုင်း၌ သာ တာဝန်ကြီး၏။ ရှာဖွေစုဆောင်းခြင်းလုပ်ငန်းသည် အထူးအလုပ်မဟုတ်တော့ပြီ။ ကျွဲကူး ရေပါ ဖြစ်နေသဖြင့် တိုး၍ မပင်ပန်းတော့ချေ။ သုတေသနကိစ္စသည် စာစုံထောက်။ ဖြစ်ပြီးသားအမှုတွင် သဲလွန် စရှာခြင်း၊ အမှုပေါ်အောင် ဖော်ယူရခြင်းပင်။ ဝတ္ထုကား ကိုယ်တိုင်အမှုအခင်းဖွဲ့၊ ကိုယ်တိုင်သဲလွန်စရှာ၊ ကိုယ် တိုင်အမှုဖော်၊ ဆံထုံးရော ဆီပါစိုက်ရခြင်းဖြစ်၍ ကျွန်တော် ကြောက်ရွံ့ခြင်း ဖြစ်ပေလိမ့်မည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းဖြစ်သော လူတို့ ၏ အတွင်းအပြင်သဏ္ဍာန်များကို ကျွန်တော် စိတ်ဝင်စားမှု အားနည်း၍ ဖြစ်ကောင်း ဖြစ်မည်။ သို့မဟုတ် လူတို့ ၏ အပေါ်၌ အနုပညာသည် တစ်ယောက်က ထားရှိရမည့် ချစ်ပုံချစ်နည်း၊ ခင်ပုံခင် နည်း အစရှိသည့် သဘောထားရမည့် နည်းနာ၌ ကျွန်တော် မကျွမ်းကျင်၍ ဖြစ်ကောင်းဖြစ်မည်။ မုန်းစရာရှိက မုန်း၊ ချစ်စရာရှိက ချစ်၊ ရွံ့စရာရှိက ရွံ့၊ နာစရာရှိက နာဟူသော သမားရိုးကျ စိတ်နေသဘောထားမျိုးက ကျွန်တော့်တါင် လွှမ်းမိုးနေ၍ ဖြစ်ကောင်းဖြစ်မည်။ ချစ်ဖွယ်၊ မုန်းဖွယ်၊ စက်ဆုပ်ဖွယ်တို့ ၏ အရင်းအမြစ်ကို မြင် အောင် မကြည့်နိုင်သောကြောင့်

လည်း ဖြစ်နိုင်သည် ။ အတန်အသင့်မျှသော သဘောထားပြောင်းလဲမှုတို့ ဖြစ်ပေါ် လာ၍ လားမသိ။ ဝတ္ထုရေးရန် အာရုံသည် အင်အားကြီးမားစွာ ဖြစ်ပေါ်လာပေသည် ။

******

(ဆ)

ဝတ္ထု အစရှိသော အနုပညာအကြောင်းကို စကားစမိလျှင် အတတ်ပညာဟူသော ဝေါဟာရကို သုံးရ ပေလိမ့်မည်။ အတတ်ပညာဟူသော ပညာရပ် ဝေါဟာရကို ဤနေရာတွင် အသုံးပြုရသည့် အတွက် ခွင့်လွှတ်စေ လိုသည် ။ စိတ်ကူး၏ ပမာဏသည် အတတ်ပညာ၏ ပမာဏပင် ဖြစ်သည် ဟူသော အဆိုအမိန့်ကို ကျွန်တော် သဘောတူသည် ။ အလွယ်ဆုံး၊ အနီးစပ်ဆုံး နေရာတကာတွင် တွေ့မြင်နိုင်သော ဥပမာတစ်ရပ်ပြလို၏။ လောဘ သမားတစ်ဦးကို ဝတ္ထုဖြင့် တင်ပြမည်ဆိုပါစို့။ ဥစ္စာပစ္စည်း ရွှေငွေရတနာများကို မက်မောသောစရိုက်များ ၊ ရလေ လိုလေ တစ္ဆေစိတ် ဖိစီးနေပုံများကို ဇာတ်ကွက် ပန္နက်ရိုက်ပြမည်။ ညီအစ်ကို မောင်နှမ၊ မိတ်ဆွေအပေါင်း အသင်း၊ ရဲဘော်ရဲဘက်ဟူသော အသိတရားတို့ တစ်စစီပဲ့ကျကာ တစ်ပြားလောဘ၊ နှစ်ပြားလောဘ၊ ပြားတစ် ရာလောဘများ ဆင့်ကဲတက်လာသည် ကို ပြမည်။ လောဘမိုးတွေ အကြိမ်ကြိမ်ရွာသွန်းသော လောဘသမား၏ ဘဝအဆင့်ဆင့်။ ဘဝဝန်းကျင်ကို ဆက်စပ်ပြသရမည်။ ထိုသူ၏ လောဘသည် အခြားသော စိတ်ဆိုးစိတ်ယုတ် များကိုပါ အဖော်သဟဲပြုကာ ပေါ်ပေါက်ပုံတွေ ရေးပြရပေဦးမည်။ ထိုသူ၏ ကိုယ်နှုတ်နှလုံး အမူအရာအလုံးစုံ၌ လူ့ကျင့်ဝတ်တွေ ကွာကျ

လျက်ရှိပုံ၊ လိမ်လည် ညာဝါးပုံ၊ အရှက်အကြောက်ကင်းမဲ့နေပုံတွေကို ပြသရမည်။ ခြောက်ပြစ်ကင်း သဲလဲစင် သူတော်စင်သဖွယ် အများ အမြင်၌ ဟန်ဆောင်ပြောဆို ပြုမူနေထိုင်သော အကျင့်စာဂ တွေကို အလျှဉ်းသင့်သလို ဖော်ပြပေးရမည်။ လောဘသမားတွင် လောဘမှ တစ်ပါး အခြားမရှိ။ သိက္ခာကျင့်ဝတ် ခန်းခြောက်ရာ၌ မတ်တတ်ခြောက်သည့် သစ်ခြောက်ပင်။

ထိုသရုပ်ကို ဇာတ်လမ်း၊ ဇာတ်အိမ်၊ အဖြစ်အပျက်များ ၊ ကံသုံးပါးအပြုအမူများ ဖြင့် ဖော်ပြရပေတော့ သည် ။ စာရေးဆရာက ထိုအကြောင်းကို ဝါကျတစ်ကြောင်းတည်းဖြင့် ‘သူသည် လောဘသမား ဖြစ်၏ ’ဟူ၍ ရေးလျှင် ပြီး၏။ ဝတ္ထုတစ်ပုဒ်လုံး ရေးစရာမလို။ ထိုတစ်ဝါကျကို ဝတ္ထုတစ်ပုဒ်လုံးဖြင့် အစားထိုးကာ ဖတ်သူ၏ စိတ်နှလုံး၌ ထိုသဘောမြင်လာရန် အားထုတ်ရသည် ကား မလွယ်ကူ။ သူသည် လူဆိုး၊ သူသည် လူကောင်းဟူ၍ ရေးလိုက်ရုံမျှပင် လူဆိုး လူကောင်းဖြစ်သွားမည်မဟုတ်။ စာရေးဆရာက အဆိုပြုလိုက်သည် နှင့် လူသူတော်၊ လူကောင်း၊ လူညံ့၊ သစ္စာဖောက်၊ တော်လှန်ရေးသမားဟူ၍ ဖြစ်သွားမည်မဟုတ်ဟု ကျွန်တော် ယူဆသည် ။

ဤနေရာတွင် ဆရာဇော်ဂျီ၏ စကားကို ခေတ္တငှား၍ သုံးခွင့်ပြုပါ။ အသင့်ယုတ္တိတန်အောင် စာရေးဆရာ က အားမထုတ်ထားလျှင် စာရေးဆရာပြောပြသည့် အရာကို ဖတ်သူက ယုံကြည်သက်ဝင်ရန် ခဲယဉ်းမည် ထင်ပေ သည် ။ စာရေးဆရာက အပြောနှင့် အပြကို ကျွမ်းကျင်စွာ မကိုင်တွယ်သရွေ့ ဖတ်သူ၏ စိတ်၌ ယုံကြည်သက်ဝင် မှု အထစ်အငေါ့တွေ ဖြစ်ပေါ်နေလိမ့်မည်။ လောဘသမား၏ ကိုယ်နှုတ်နှလုံးအမူအရာတို့ ကို ဖတ်သူ၏ စိတ်၌ ထင်ယောင်ယောင် မြင်ယောင်ဖြစ်ပေါ်လာစေရန် အသင့်ယုတ္တိတန်စွာ ဖော်ပြနိုင်သည် ထားဦး။ ထိုလောဘသမား ကို တဖွဲ့

တန္တဲ့ ရေးသားတင်ပြမည့် စာရေးဆရာ၏ သဘောထားက ရှိသေးသည် ။ စာရေးဆရာက မုန်းတီးနေ သလား၊ စက်ဆုပ်နေသလား၊ အာဃာတ တွေ ထားနေသလား။ မုန်းနေလျှင် ဖတ်သူက မုန်းလာစေရန် စာရေး ဆရာက ဖန်တီးပေလိမ့်မည်။ ဖတ်သူက မုန်းတီးသွားပြီ။ စာရေးဆရာ၏ အလုပ် ပြီးပြတ်သွားပြီပေလား။ လောဘသမား၌ အဆင်ခြင်တုံတရား ကင်းကာ လောဘမှ တစ်ပါး ဘာမျှ မမြင်ရခြင်း၏ အရင်းအမြစ်။ ရှစ်ဆယ့် ကိုးပါးသော စိတ်အမျိုးအစားတို့ ကြောင့် လား။ ပုဂ္ဂလစရိုက်တို့ ကြောင့် လား။ ချွတ်ယွင်းပျက်ပြားမှုအဝဝတို့ သည် စီးပွားရေးရုပ်ဘဝကြောင့် ဟု မျက်ရမ်းမှန်းဆ အပြစ်ပုံလိုသည် လား။ ဤနေရာတွင် စာရေးဆရာ၏ ဘဝအတွေ့ အကြုံအလုံးစုံသည် စကားပြောပေလိမ့်မည်။ ဘဝအတွေ့အကြုံထဲတွင် အဘိဓမ္မာအတွေးအ ခေါ်လည်း တစ် ကြောင်းအားဖြင့် ပါဝင်နေမည်မှာ ငြင်းကွယ်ရန် မရှိချေ ။

ထိုသဘောကို စောင်းပါရိပ်ခြည်မျှ မြင်ခဲ့ရ၍ ဝတ္ထုရေးရန် လက်မရဲ ခဲ့ခြင်းလည်း ဖြစ်နိုင်လေသည် ။ ဝတ္ထုတစ်ပုဒ် ရေးသားရမည့် အရေးမှ တာဝန်ကြီးလှချေ၏ တကား။

******

**(၉)**

အတတ်ပညာ၏ အပိုင်းတွင် ဘာသာစကားသည် သာမညမဟုတ် သော နေရာမှ ပါဝင်လျက်ရှိသည် ဟု ကိုယ်တွေ့သိ သိခဲ့သည် ။ စကား လုံးတစ်လုံး၏ တန်ဖိုးသည် ကဗျာတွင် သာမက ဝတ္ထုတွင် လည်း တည်

ရှိလေ သည် ။ ဝါကျအလိုက်၊ အပိုဒ်လိုက်၊ အခန်းလိုက်နှင့် ဝတ္ထုတစ်ပုဒ်လုံးတွင် စကားပြေနှစ်မျိုးသာ ရှိသည် ။ အပြော စကားပြေနှင့် အရေးစကားပြေတို့ ဖြစ်သည် ။ အတွေး၊ စိတ်ကူး၊ စကားပြောခန်းတို့ တွင် အပြောစကားပြေကို သုံးသည် ။ ... ထိုင်လိုက်သည် ။ မျက်ရည်စကို မျက်တောင်ဖျပ်ဖျပ်ခတ်၍ သိမ်းပြီး၊ ရှေ့တစ်လှမ်းတိုးသည် ။ မဲ့ ပြုံးကို လှစ်ခနဲပြုံးကာ သူ့ကို ကြည့်၏။ ထို့နောက် သူ့ပါးပေါ်သို့ လက်ဝါးတွေ ကျလာ၏။ ... ဟူသော အရေး စကားပြေ။ ထိုစကားပြေနှစ်ရပ်၏ ခွန်အားကို လျှော့ပါက ဝတ္ထုထဲရှိ ဇာတ်ကောင်၊ ဇာတ်ဆောင်၊ အဖြစ်အပျက်အခြင်းအရာအလုံးစုံတို့ သည် ရေနည်းငါးနှယ် ဖြစ်နေသည် ။ ပိုမိုပါက မှန်စီရွှေချ နောက်ခံအလင်းကို နေရောင် ရောင်ပြန်လင်းလက်နေခိုက်တွင် လိပ်ပြာ ပျံသည် မပျံသည် သဏ္ဍာန်ပီပီ မမြင်ရသကဲ့သို့ ရှိချေ၏။ မျက်စိစူး သည် ၊ ကျိန်းစပ်လေသည် ။ ကျွန်တော် ကိုယ်တွေ့သိ သိခဲ့သည် ။ ထိုအပျက်နှစ်စွန်းကို ရှောင်ရှားရသည် မှာ ဝန် ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လေသည် ။

ဝတ္ထု၏ စကားပြေသည် ကာလအလိုက် ရွေ့လျားပြောင်းလဲလာခဲ့သည် ။ မြန်မာ ဝတ္ထုခေတ်ဦး၏ စကား ပြေနှင့် ခေတ်လယ် စကားပြေတို့ သည် ပင် အမြင်စိမ်းနေအောင် ပြောင်းခဲ့ပေပြီ။ စစ်ပြီးစ ဝတ္ထုစကားပြေနှင့် မျက်မှောက်ကာလ ဝတ္ထုစကားပြေတို့ သည် ခြားနားခြင်းကြီးစွာ ခြားနားခဲ့ပေပြီ။ သို့သော် ထိုကာလမှ ဝတ္ထု အတွင်းသားနှင့် ထိုကာလမှ စကားပြေတို့ သည် ခံစားမှု အထိုက်အလျောက် ရသေးသည် ကား အမှန်ပင်။

ဥပမာ ပြလိုသည် ။

ပီမိုးနင်း။ စကားပြေအရေးအသားတွင် ပီမိုးနင်းသည် ခေတ်ဟောင်း

စကားပြေမှ ခေတ်သစ်စကားပြေ သို့ ရောယှက်ပြောင်းလဲခဲ့သူ။ နေထွက်ပြီ၊ ကျီးအာ၏။ ... ဟူသော စကားပြေမျိုးကို နောက်ပိုင်းတွင် မှ ရေးလာ သူ။ ရှေးဦးပိုင်းက ခေတ်ဟောင်းစကားပြေပုံစံ။ ပီမိုးနင်း၏ ချစ်ပန်းနွယ် ဝတ္ထုတွင် ဤသို့ ရေးသည် ။

နေ့အသက်တည်းဟူသော ဖလ်ရဝိန် နေမင်းသည် သက်ဆင်းကွယ်ပျောက် ချုပ်ငြိမ်းခြင်းသို့ ရောက်တော့မည်ရှိလေရာ အနောက်ဘက် ဂေါ ရာမှ ပတ္တမြားရောင်စွယ်တို့ ကို အရှေ့ဘက်သို့ ပြန်လွှတ် ကာ ရေပြင် အာကာ လောကဓာတ်မြေမျက်နှာကို (Good bye) ဂွတ်ဒ်ဘိုင်ဟု ကြွေးကြော်နှုတ်ဆက် သကဲ့သို့ သွားတော့မည့် အရိပ်ကို ပြလေ၏။

ပီမိုးနင်း၏ ဤအရေးအသား စကားပြေသည် ထိုခေတ်က ဝတ္ထုရေးဆရာများကို လွှမ်းမိုးခဲ့သည် သာ မက လက်သင်စာရေးစများကိုပါ ဩဇာညောင်းခဲ့သည် ။ ဝတ္ထုရှည်၊ မဂ္ဂဇင်း ဝတ္ထုတို၊ ဟိုက်စကူးကျောင်း နှစ်လည်မဂ္ဂဇင်း စာညွန့်တို့ ၏ အဖွင့်အခန်း၌ ထိုပြကွက်ကို ကြောင်းတူ သံကွဲတွေ့ရလေသည် ။ ဝါကျရှည်ထဲမှ ပီမိုး နင်း၏ တင်စားမှုစိတ်ကူးကို နှစ်သက်ဖွယ်ဟု ကျွန်တော် ခံစားရသည် ။

ဝတ္ထုသည် မြစ်ကမ်းနှစ်ဖက်၊ မြစ်ကြမ်းပြင်။ ဝတ္ထုစကားပြေကား မြစ်ရေတည့်။ မြစ်ကြောင်းသည် ၁၉၈၇ ခုနှစ်မှ စတင်ပြောင်းခဲ့ပေပြီ။

******

## (၅)

၁၉၈၇ မြစ်ကြောင်းပြောင်းရာအရပ်သို့ ကျွန်တော် လှမ်းမျှော်ကြည့်

ခဲ့ဖူးသည် ။ ဝေးကွာလွန်းလှသည် ။ ကျွန်တော့်အစွမ်းအစကို ကျွန်တော် အချိန်ပြည့် သုံးသယဝင်သည် ။ ယုံကြည်မှုစိတ်ဓာတ်မပြည့်ဝ။ ထိုနေရာ မရောက်မီ ချောင်းငယ်၊ မြောင်းငယ်များ ၊ ရေအိုင်ငယ်ကလေးများ ၊ သစ်ပင်ရိပ်များ အောက်တွင် ခဏတဖြုတ် နားလျက်ရှိသည် ။ ရှေ့မှာ ဆိုခဲ့ပြီးသော ကျောင်းသားဘဝက ကြားခဲ့ မြင်ခဲ့သမျှအနက် သင့်လျော်မည်၊ ရေးခွင့် သာမည်။ တချို့ကို ရေးခဲ့သည် ။ သည် စာအုပ်တွင် စုစည်းထားသော ဝတ္ထုသုံးပုဒ်သည် ကျောင်းသားဘဝက အငွေ့အသက်များ ၊ ကျောင်းသူကျောင်းသားတွေ အတော်များများ နှင့် တွေ့ဆုံခင်မင်ရာမှ စုဆောင်းခဲ့သည့် ဇာတ် ကလေးများ ဖြစ်လေသည် ။

ကျောင်းက ကောင်လေးတွေ၊ ကောင်မလေးတွေနှင့် ရင်းနှီးလာသောအခါ သူတို့ အကြောင်းကို သိတန် သရွေ့ သိခွင့်ရခဲ့သည် ။ သူတို့ အကြောင်းတွေ၊ ဘဝတွေကို ကျွန်တော့်အား အသိပေးကြသည် ။ တစ်ခါတစ်ရံ အမှတ်တမဲ့ လေ့လာ၍ စရိုက်တွေ၊ စိတ်နေစိတ်ထားတွေ၊ အမူအကျင့်တွေကို မှတ်သားသိရှိခဲ့သည် ။ ချစ်ခင် ကြင်နာသော မျက်စိဖြင့် ကျွန်တော် ကြည့်ခဲ့သည် ။ အနွံ့အတာခံခြင်း၊ ကူညီခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့် ကျွန်တော် နေခဲ့သည် ။ အစ်ကိုကြီးဟူသော သူတို့ ၏ ခေါ်သံကို ယခုတိုင် ကျွန်တော် တမ်းတကြားယောင်နေ သေးသည် ။ တစ်ဦးနှင့် တစ်ဦး အတွေးအခေါ်တွေ မတူကြ၊ ယဉ်ကျေးမှုတွေ မတူကြ၊ အလေ့အထတွေ မတူကြ။ ပုဂ္ဂလိက စရိုက်ဆန်းလေးတွေမှာ ချစ်ဖွယ်ကောင်းသည်လည်း ရှိ၏။ တစ်နေ့နေ့တွင် တစ်ကိုယ်ကောင်းဆန်လာ မည့် အရိပ်နိမိတ်ပြနေသော ဓလေ့ဆိုးလေးတွေကိုလည်း တချို့တွင် တွေ့ရ၏။ သက်တူရွယ်တူ သူငယ်ချင်းချင်း အပေါ်တွင် သစ္စာဖောက်မည့် မှဲ့ဆိုးစွန်းသော မျက်လုံးတစ်စုံနှစ်စုံကိုလည်း တွေ့ရ၏။ အနစ်နာခံသော စိတ်ထားမြင့်မားသော ဉာဏ်ပညာကြီးသော နှလုံးသည်းပွတ်ကို ပိုင်သောသူ

တွေကိုလည်း တွေ့ရ၏။ ကိုယ်ကျိုးမှ ကိုယ်ကျိုး၊ ကိုယ်ကျိုးအတွက် အမိ အဘဆရာသမား ရဲဘော်ရဲဘက်ကို ကျော့ကွင်းထောင်မည့် ကောင်ဆိုး လေး တွေနှင့် လည်း သိကျွမ်းခဲ့လေသည် ။ မြင်မြင်သမျှကို ငြမ်းသဖွယ် အသုံးချတတ်သည့် သူငယ်တစ်ယောက်စ နှစ် ယောက်စကိုလည်း တွေ့ ခဲ့ရသည် ။

ကျွန်တော်သည် ပြုံးကာ ရယ်ကာနှင့် သူတို့ အသိုင်းအဝိုင်းတွင် ရယ် စရာတွေ၊ ကူပြီး စိတ်ညစ်စရာတွေ၊ ဖြေရှင်းပေးခဲ့ရတာတွေနှင့် နေခဲ့သ ည် ။ ဘယ်တော့ ဘယ်အခါတွင် တစ်ယောက်က အရှေ့၊ တစ်ယောက် က အနောက်ဖြစ်မည်ကို သိချင်ခဲ့သည် ။ သည် နေရာတွင် သည် လို လ မ်းခွဲခဲ့ကြသည့် အစဉ်တွေရှိခဲ့သည် ကိုး။ တစ် ယောက်ကိုတစ်ယောက် ဆက်ဆံရေးက လမ်းစတွေ လမ်းခွဲတွေ များ စွာဖြင့်။ ပြောပုံဆိုပုံတွေက အစ အရာရာကို မှတ်သားခဲ့သည် ။ စကားကြီးစကားကျယ် မပြော၍ မ နေနိုင်သူ၊ စကားနိုင်လုကြသူ၊ မသိသူက နားမလည်သူ ကို ခပ်တည်တ ည်ဖြီးနေသူ။ ရသပညာ၌ ရှိသော အလှတရား၊ အကျဉ်းတန်မှုတို့ ကို ကို ယ်ခန္ဓာ ညစ်ပတ်ပေကျံခြင်း နှင့် မကွဲမပြား၊ လေသံကြား တရားနာကာ ဟိတ်ဟန်ကြွားသော ကောင်လေးတစ်ယောက်၏ အသံ။ အင်္ဂလိပ် ဝတ္ထု တွေ၊ စာအုပ်တွေကို တပြပြ တပိုက်ပိုက်နေသော ကောင်လေးတစ် ယောက်၏ ဟန်ပန်။ ကျွန်တော်သည် ကျွန်တော့်အနီးရှိ ထိုကောင်လေး တချို့ကို ချစ်သောမျက်စိဖြင့်ပင် ကြည့်ခဲ့သည် မှာ အမှန်။ တချို့ကို ကျွန် တော် အောက်မေ့နေသည် ။ မတွေ့သာအောင် အနေဝေးလျက် ရှိခဲ့လေပြီ။

ထိုမျှမကသော၊ စာဖွဲ့အပ်သော၊ လေးစားအပ်သော အကြောင်းအရာ များ စွာကို ထိုကောင်လေးတွေ၊ ကောင်မလေးတွေ ဖန်တီးခဲ့ပေပြီ။ တစ် နေ့နေ့တွင် ရေးရပေဦးမည်။

ပြီးပါပြီ

******

# စိမ်းလန်းသော နှုတ်ခမ်း၏ အမိန့်တော်ပြန်တမ်း

## (၁)

မြစ်ဖြူပေါင်းများ စွာတို့ သည် ခဲသားကောင်းကင်တွင် ပြက်ခနဲပေါ် လာသည် ။ တစ်ခိုက်တတန့်အတွင်း၌ ပင် ပျောက်ကွယ်သွားသည် ။ ကျယ်လောင်လှစွာသော မြည်ဟည်းသံများကို ခဏထားရစ်ခဲ့ပြန်သည် ။ လင်း လက်လိုက်သော လျှပ်ရောင်အောက်တွင် မိုးစက်တွေကို မြင်ရသည် ။ လေပြင်းကြောင့် လွင့်စဉ်သွားသော မိုးစက် တွေကို မြင်ရသည် ။ လေပြင်းကြောင့် လွင့်စဉ်သွားသော မိုးစက်တွေ မြေကျသည် ကိုမူ မတွေ့လိုက်ရ။ အမှောင် ထုက ပကတိအတွင်း ပြန်လည်ပြန်လည်ရောက်ရောက် လာလေ၏။ ထိုအခါတွင် အိမ်ရှေ့ ဝါးရာဇမတ်ကွက်တွေ ကို မှန်အိမ်အလင်းဖြင့် မှုန်ဝါးဝါးမြင်ရသည် ။ ရာဇမတ်ကွက်တွေကြားမှ ဖျန်းဝင်လာသော မိုးမှုန်တွေက မျက်နှာ ဆီသို့ တစ်ခါတစ်ရံ ရောက်လာတတ်သည် ။ ပက်လက်ကုလားထိုင် ညာလက်တန်းပေါ်တွင် တင်ထားသော လက်ပေါ်၌ မိုးစက်မိုးမှုန်က လာ၍ ကျလျက်ရှိသည် ။

"ထွေး ... အိပ်တော့လေ"

အိပ်ခန်းတွင်း အမေ့အသံကို ခနိဖက်နှင့် မိုးစက်တွေ ထိသံကြားမှ ကြားရသည် ။

"ဟုတ်ကဲ့ပါ ... အမေရဲ့ "

အမေက ခဏကြာတော့ တစ်ခွန်းထပ်ပြောသည် ။

"ထိုင်နေတာ ကြာလှပြီ။ တော်ကြာ အအေးမိနေဦးမယ်"

ထွေးက ချက်ချင်း ပြန်ဖြေလိုက်သည် ။

"အနွေးထည် ယူထားပါတယ် အမေရဲ့ "

"ဝတ်လိုက်ပါတော့လား သမီးရယ်၊ မအေးဘူးလား"

လက်မောင်းအောက်တွင် ဖိထားမိသော ဆွယ်တာအင်္ကျီကို အမှတ်မဲ့ စမ်းလိုက်သည် ။

"သိပ်လည်း မအေးသေးပါဘူး အမေရဲ့ ၊ ဒီနေ့က အစဦးဆုံး မိုးရွာတာပဲ မဟုတ်လား။ ကြည့်လို့ လည်း ကောင်း၊ ပျော်စရာလိုပဲ အမေရယ် "

စကားအဆုံးတွင် ပင့်သက်ရှိုက်လိုက်မိသည် ။ 'ပျော်စရာ'ဟု အမေ့ကို ပြောလိုက်သည့် အတွက် ပြုံးချင် သလို ဖြစ်ရသည် ။ ရင်ထဲတွင် ရှိသည့် ဝေဒနာအမည်ကို အတိအလင်းသိပါလျက်နှင့် ပြော၍ ကောင်းမည့် ၊ ကြား၍ သင့်မည့် စကား။ စင်စစ် အမေသည် သူ့ရင်ကို သိပြီးဖြစ်လိမ့်မည်။ ငယ်ရာမှ ကြီးလာကြသည် ဆိုသောစကားတွင် စာနာ နားလည်မှု ပါဝင်ခဲ့လေပြီ။ ထို့ကြောင့် ပင် ထင်ရ၏။ မနေ့က စကားကို သတိရလျက်ရှိသည် ။ အမေသည် ထိုစကားကို မည်သည့် အဓိပ္ပာယ်ဖြင့် မေးသည် ကိုမူ အမှန်မသိ။

"မောင်ကြည်လွင်တို့ အောင်စာရင်းထွက်ခါနီးပြီထင်တယ်နော် သမီး"

ဆိုသော ပထမစကား။ "ကျောင်းပြီးသွားပြီဆိုတော့ လာချင်မှ လာတော့မှာ ပေါ့" ဒုတိယစကား။ "မဟာဝိဇ္ဇာတွေ ဘာတွေ တက်ခွင့်ရရင်တော့ ဆက်တက်ချင် တက်ဖို့ လာမယ်ထင်တာပဲ။ ကျောင်းဖွင့်ဖွင့်ချင်း လာမယ်လို့ တော့ ပြောတာပဲ အမေရဲ့ " ဟု ပြန်ဖြေသည် ။ "ပြောတာပဲ" ဟု သုံးနှုန်းလိုက်ခြင်းကို "ရေးတာပဲ" ဟု အမေသိပြီး ဖြစ်လိမ့်မည်။ လွန်ခဲ့သည့် တနင်္လာနေ့က စာလာသည် ကို အမေ အသိ။ သူ့ထံသို့လာသောစာတွေ မှာ ကြည်လွင့်ထံမှ လွဲ၍ မရှိသလောက်။ တုတ်တုတ်ထံမှ စာဟူ၍ အလာနည်းလှသည် ။

"အမေတော့ သိပ်အိပ်ချင်ပြီ၊ အပြင်မှာ သိပ်ထိုင်မနေနဲ့ ဦး၊ ကြားလား ... ထွေး၊ ခဏနေရင် အိပ်တော့"

"ဟုတ်ကဲ့ ..."

မိုးစက်တွေ အကျနည်းသွားသည် ။ ပုရစ်အော်သံကို တစ်ချက်တစ်ချက်တွင် ကြားရသည် ။ အာရုံတွေက ပျံ့လွင့်လှသည် ။ စိတ်ကို တစ်နေရာတည်းတွင် ထိန်းထား၍ မရချင်။ မိုးဦးလေပြည်ထဲတွင် လွင့်ပါးသွားသော သစ်ရွက်စလေးတစ်စလို ဖြစ်နေသည် ။ ဦးနှောက်တစ်ခုလုံး ပူလာသည် အထိ တစ်နေရာရာတွင် စူးစိုက်ကြည့် သည် ။ သနားဖွယ်ကောင်းသော အမေ့တစ်ယောက်တည်းကို စိတ်ကွန်ရက်တွင် သိမ်းထုပ်ကြည့်သည် ။ ကြာရှည် မရ။ ချစ်မြတ်နိုးရသော မောင့်ကို စိတ်လှောင်ချိုင့်တွင် ထားကြည့်သည် ။ မြဲမြဲမြံမြံမရ။ တွေးသမျှအလုံးစုံသည် ရောရောထွေးထွေးချည်း ဖြစ်နေသည် လားမသိ။ မောင့်ရုပ်သွင် မောင့်စိတ်သဘောတွေ၊ မောင့်အနေအထား။ ထို့ နောက် ဆယ်ကြိမ်ပြည့်အောင် မဆုံရဖူးသေးသော မောင့်မိဘ။ မောင့်ဝမ်းကွဲညီမဆိုသူ ခင်နှင်းအိ။ ထို့နောက် မျက်ကွယ်ပြုခဲ့ပြီဖြစ်သော အဖေ။ ထို့နောက် ကိုယ့်ဘဝ၊ ကိုယ့်

အကြောင်း၊ ကိုယ့်အနေအထား။

မောင်နှင့် ချစ်စတုန်းကမူ ကြည်နူးစရာ၊ ချမ်းမြေ့စရာတစ်ခုတည်းသာ သိခဲ့ရလေ၏။ မောင့်ကို ချစ် ခြင်းနှင့် မျှော်လင့်ခြင်းတို့ သာ ရင်၌ ရှိလေသည် ။ မေတ္တာဆိုသည် မှာ ဒါပါပဲကလားဟု ရေးရေးမျှ နားလည်ခဲ့ရ သည် ။ အချိန်ရှိသရွေ့ မောင့်ကို မြင်နေသည် ။ မောင့်စကားတွေကို ထပ်ပြန်တလဲလဲ ကြားယောင်နေသည် ။ အိပ် မက်ထဲသို့ မောင် ရောက်လာသည် ကိုပင် ပျော်လေသည် ။ အိပ်ရာမှ နိုးလာလျှင် နိုးချင်း အိပ်မက်ထဲက မောင်နှင့် အပြင်က မောင်တို့ ကို နှိုင်း၍ ကြည့်မိသည် ။ တစ်ခုပဲ ခြားနားသည် ။ အိပ်မက်ထဲတွင် မောင် အတင့်ရဲလွန်းလှ သည် ။ မောင်နှင့် ပြောမရဲ ဖွင့်မဟဖြစ်နေသော ဘဝမှ ကျော်လွန်လာသောအခါ အိပ်မက်ထဲက အကြောင်းတွေကို ပြန်လည်ပြောပြရသည် မှာ ပင် အလုပ်ကြီးတစ်ခု။ ဆောင်းညမှာ မက်တတ်သော အိပ်မက်တချို့ဆိုလျှင် ကိုးရိုး ကားရား။ မောင့်ကို သီလရှင်ဝတ်လျက် မြင်ချင်သည် ။ ထိုင်မသိမ်း အင်္ကျီ ဗလာထဘီနှင့် မောင့်ကို မြင်ချင် မြင် တတ်သည် ။ တစ်ခါတလေကျတော့ ဇာတ်မင်းသား အဝတ်အစားနှင့် မက်ချင်မက်သည် ။ မောင့်ကို ပြန်ပြောပြ သောအခါ နှစ်ယောက်သားအဖို့ ခေါင်းချင်းဆိုင်၍ ရယ်ပွဲဖွဲ့စရာ ဖြစ် လာလေ၏။ ပြန်တွေးကြည့်လျှင်လည်း ပျော်စရာ။

အံ့ဩစရာကောင်းသည် ဟု ဆိုရမည်လားမသိ။ သည် နှစ်ထဲတွင် စိတ်တွေခြောက်သွေ့စ ပြုလာသည် ဟု ခံစားရ၏။ မည်မည်ရရ ပြောမပြနိုင်သော်လည်း ကြောင့် ကြစိတ်တွေ ဝေ၍ လာတတ်သည် ။ စိုးရိမ်မကင်းသော အတွေးပေါင်းများ စွာကို မစဉ်းစားစဖူး စဉ်းစားမိလာသည် ။ စင်စစ် မောင့်ကို မယုံကြည်၍ မူ စိုးစဉ်းမျှမဟုတ်။ မောင့်ကို အကြွင်းမဲ့ စိတ်ချထားပြီးသား။ စိတ်မအေးနိုင်သည် မှာ ကိုယ့်ဘဝ ကိုယ့်ကြမ္မာ။ အဘက်ဘက်မှ ကြည့် လိုက်လျှင် အားတက်စရာဟူ၍ မမြင်။ မောင်သည်

သူ့အနေအထားကို အစအဆုံး သိပြီးဖြစ်သူ။ အထူးသဖြင့် သည် ဘက်နှစ်တွင် အားငယ်လာမိသောသူ့ကို နားလည်လာသည် ထင်ရ၏။ သူ တွေးတောထားသောအရာများ ကို မောင်က စာနာထားပုံရသည် ။ ပြန်ခါနီး ပြောသွားခဲ့သော မောင့်စကားများ ထဲတွင် ရင်အေးစရာတွေ ကြားရ သည် ။

"မောင့်ကို ထွေး ယုံတယ် မဟုတ်လား"

ထွေး ခေါင်းညိတ်သည် ။

"မောင် သစ္စာရှိပါတယ် ထွေးရယ် ..."

ခေါင်းညိတ်၍ သာ အသိအမှတ်ပြုလိုက်သည် ။

"ထွေးကို ဘယ်လောက်ချစ်တယ်ဆိုတာကော"

"သိပါတယ် မောင်ရယ်"

ထိန်းထားသော်လည်း ဝမ်းနည်းသံ လွှမ်းတန်းတန်း ဖြစ်နေသော အဖြေ။

"မောင်တို့ ပေါင်းကြရမှာ ပါ ထွေးရာ"

စိတ်ထင့်နေသည် မှာ တော့ အမှန်။ မောင့်စကားတွေက အားပေးစကားမှန်ပြား ပြတ်တောင်းတောင်း နိုင်နေသည် ။ ဖြေသိမ့်စကားတို့ မည်သည် စီကာပတ်ကုံးတော့ ရှိသင့်သည် ။ မောင့်မျက်နှာကို ကြည့်လိုက်တော့ လည်း အားတက်ဖွယ်မရှိ။ ခဏတာ ခွဲကြရသောအခါ စိတ်ဝမ်းညှိုးငယ်ကြသည် ချည်း။ မကြုံဖူးသည် မှ မဟုတ်။ မိဘရပ်ဌာန်သို့ မောင်ပြန်သော ကျောင်းပိတ်ရက်ရှည်ကို နှစ်ကြိမ်ကြုံဖူးခဲ့ရပြီ။ ထိုသောအခါများက မောင့်မျက်နှာသည် ယခုတစ်ကြိမ်လောက် ပျက်ပြားခြင်းမရှိခဲ့။ ရယ်စရာ မောစရာများ ရောကာနှောကာ လွမ်း စကားကို ဆိုခဲ့သည် ပင်

။ ယခုကဲ့သို့ အဆီအပျားကင်းသော စကားမျိုး မဟုတ်ခဲ့။ နေပုံထိုင်ပုံတွေကိုက မျက်စိ စိမ်းသည် ထင်မိ၏။ မိတ်ဆွေအပေါင်းအသင်းတွေကို တွေ့ဆုံစကားပြောပုံနှင့် သိပ်မခြားနားချင်။

မောင့်တွင် လျှို့ဝှက်ချက်တစ်ခုခုများ ရှိနေပြီလားဟု တွေးမိသည် ။ လေးလံသော ဝန်ထုပ်တစ်ခုခုသည် မောင့်တစ်ကိုယ်လုံးကို ဖိစီးထားနေဟန်ရှိသည် ။ စကားမှားမည်ကို အစိုးရိမ်ကြီးသူ၏ နှုတ်ခမ်းမျိုးကို မောင့် တွင် တွေ့ရသည် ။ ထိုင်းမှိုင်းလျက်ရှိသော မောင့်မျက်နှာ၏ နောက်ကွယ်တွင် အကြောင်းခြင်းရာ တစ်မျိုး တစ် မည်ရှိနေပြီဟု ကား ခံစားသိရှိနေသည် ။ အမှန်ဧကန်သော် စဉ်းစားမရ။ သူနှင့် ပတ်သက်နေမည်ဟု သာ ဝိုးတဝါး၊ ဝိုးတဝါး။

"မောင့်ကို ထွေး ယုံတယ် မောင်ရေ့"

လေယူလေသိမ်းကြောင့် လား၊ စိတ်မလုံ၍ လား မဆိုနိုင်။ မောင့်အကြည့်မှာ မှိုင်းနေ၏။

"ထွေး ပြောပုံက တစ်မျိုးကြီးပဲ"

"ကံတရားဆိုတာက ရှိသေးတယ် မောင်ရယ် ..."

သူ့စကားကြောင့် တစ်ဖက်တွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်ကို ထွေး ဂရုပြုလိုက်သည် ။

"ထွေး အစိုးရိမ်လွန်နေပြီ ထင်တယ်"

"အချစ်ကြီးလွန်းလို့ လည်း ဖြစ်နိုင်ပါတယ်"

မောင့်အပြုံးကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်မိသည် ။

"မောင့်ကို မယုံကြည်ရာ ကျသွားနိုင်တယ်လေ"

"သြော်ကွယ် ... မောင့်ကိုတော့ ယုံပါတယ်လို့ ပြောဖူးခဲ့ပြီပဲ"

"မောင့်ကိုတော့ ယုံတယ်ဆိုတော့ ထွေး ဘာကို မယုံတာလဲ"

"ကိုယ့်ဘဝကို ကိုယ်ပေါ့"

မောင်သည် အတန်ကြာ ငိုင်သွားသည် ။

"မောင် အဲဒါကြောင့် ပြောတာပေါ့။ ထွေး အစိုးရိမ်လွန်နေပါတယ်လို့ "

ပြောမည့် စကားအတွက် သင့် မသင့် ချိန်ဆလိုက်သည် ။ ပြီးတော့ ပြောလိုက်သည် ။

"မတူဘူးလေ မောင်ရဲ့ "

ထွေးစကားကို သူ နားလည်ပုံမရ။

"ဘာကို ပြောတာလဲ ထွေး"

"အစစအရာရာပေါ့ကွယ်။ အခြေအနေအားလုံးပေါ့"

မောင် ခေါင်းခါသည် ။

"မဆိုင်ပါဘူး ထွေးရာ၊ မောင်တို့ နှစ်ယောက်ကိစ္စက မောင်တို့ နှစ်ယောက်တည်းနဲ့ သာ ဆိုင်တာပါ၊ အခြေအနေ အဆင့်အတန်းကိစ္စက မောင်တို့ နဲ့ ဘာများ ဆိုင်လို့ လဲ။ ဒီစကားကို ထွေးမပြောတာကြာပြီ၊ ခု ပြန် ပြောလာပြန်ပြီ"

ခပ်တိုးတိုးရယ်လိုက်သော ထွေးကို သူက အထူးအဆန်းလုပ်၍ ကြည့်သည် ။

"မောင် စိတ်မဆိုးရင် စကားတစ်ခွန်းပြောချင်တယ်"

"ခုတစ်လော ထွေး စကားပြောတာတွေ သိပ်ထန်နေတယ်။ စကားပြောတာ ပဏာမတွေ ... နိဒါန်းတွေ နဲ့ "

"မောင်ရယ် ... မောင် မေ့နေတယ်နဲ့ တူတယ်။ ထွေးက မိန်းကလေး ဆိုတာကို ..."

မောင်သည် တစ်စုံတစ်ရာကို သတိရလိုက်ဟန်နှင့် နှုတ်ခမ်းကို တင်းတင်းစေ့သည် ။ ထွေးက ဆက်၍ ပြောသည် ။

"ဒီတော့ မောင့်ကို စကားပြောရ ဆိုရတာကအစ သတိထားရတယ်"

"အရင်တုန်းက ထွေး အဲသလို မဟုတ်ပါဘူး"

"အခြေအနေက မနေ့ကနဲ့ ဒီနေ့တောင် တူချင်မှ တူမယ် မဟုတ်လား"

"စကားတစ်ခွန်း ပြောမယ်ကြံရင် မောင် ငြိုငြင်မလား၊ မောင် စိတ်အနှောင့်အယှက် ဖြစ်သွားမလား၊ ဘာလား ညာလား တွေးရသေးတယ်လေ"

မောင့်အပြုံးသည် ထွေးအတွက် အားတက်စရာ ဖြစ်ရပြန်သည် ။

"ထွေး စကားတွေ သိပ်တတ်နေတယ်နော်"

နှစ်လိုဖွယ် အပြုံးနှင့် မောင့်ကို တုံ့ပြန်လိုက်သည် ။

"ဘဝက သင်ပေးလာတာကိုး မောင်ရဲ့ "

"သြော် ထွေးရယ် ..."

မောင့်သက်ပြင်းရှည်တစ်ချက်ကို နားဖြင့် မြင်လိုက်ရသည် ။ မောင့်မျက်နှာ ညှိုးကျသွားလိမ့်မည်ထင် ၏။ ခဏခေတ္တ တွေသွားသည် ။ ထွေးက သူ့စကားကို ပြန်၍ ဆက်သည် ။

"ထွေး ပြောခွင့်ရမလား မောင်"

သူ့ကို ခေါင်းညိတ်ပြသည် ။

"လူတွေမှာ အနေအထားကိုလိုက်ပြီး ပြောင်းလဲတတ်တယ် မောင်ရဲ့ "

ထွေးစကားကို သူ နားစွင့်နေသည် ။

"မောင့်ဘက်ကို အရင်စပြီး ကြည့်"

မောင်သည် လက်နှစ်ဖက်ယှက်၍ စားပွဲပေါ်တွင် ထောင်လိုက်သည် ။

"မောင့်မိဘဆိုတာက ဧရာမအရာရှိကြီးတွေ"

"အင်း အဲဒီတော့"

"မောင်က တစ်ဦးတည်းသောသား"

"ပြီးတော့ကော"

မောင့်စကား ထောက်သံတွေက အရွှမ်းပြက်ပြက်။

"နောက်ပြီး မောင်က အခုဆိုရင် ဘွဲ့ရတစ်ယောက်ဆိုပါတော့"

ထွေး မျက်နှာသည် ကြည်ကြည်စင်စင်မရှိလှ။

"ခြုံပြီးပြောရရင် မောင့်ဘက်က အားလုံးလိုလို ပြည့်စုံပြီးသား။ ထွေးဘက်ကို မောင်ကြည့်စမ်း။ ထွေး ခုနစ်တန်းတောင် မအောင်ခဲ့ပါဘူး။ မအေတစ်ခု သမီးတစ်ခု၊ မပြည့်စုံမှုမှန်သမျှ မောင် အသိဆုံးပါ။ စီးပွားရေး ကကော၊ အအေးဆိုင်လေးဖွင့်ပြီး ဝမ်းကျောင်းနေရတာ။ ထွေးတို့ နေတဲ့ အိမ်လေးက မောင်တို့ အိမ်က ကားရုံ လောက်တောင် တန်ဖိုးရှိမယ် မဟုတ်ဘူး ။ ထားလိုက်ပါလေ၊ ထွေးကိုပဲကြည့်။ ဘယ်မှာ လှလို့

လဲ။ သာမန် မိန်းကလေးတစ်ယောက်ထက် ဘာများ ပိုသလဲဟင်"

ယှက်ထားသော မောင့်လက်ဖဝါးနှစ်ဖက်သည် မောင့်နဖူးပေါ်တွင် ကပ်လျက်သားရှိသည် ။ မောင့်မျက် နှာသည် တည် လာလေ၏။

"လှပါတယ် ထွေးရယ် ..."

"ချစ်တဲ့ စိတ်နဲ့ ဆုံးဖြတ်တာကိုး"

"ဟုတ်တယ် ထွေး၊ ချစ်တဲ့ စိတ်နဲ့ ချည်း ဆုံးဖြတ်ရမှာ ပဲ။ ဒါကြောင့် မောင်တို့ မကွဲမကွာပေါင်းကြရမှာ ပါ လို့ မောင် ပြောတာပေ့ါ"

"ထွေးတော့ အဲသလို နည်းနည်းလေးမှ မထင်ဘူး မောင်"

"ထွေး အကြောင့် ကြလွန်နေတာပါ။ အဆင့်အတန်းစကားတွေ၊ ဘာတွေ ထွေးပြောစရာ လိုကို မလို ဘူး။ အဲသလိုမှ ဖြင့် ဒီဇာတ်က စလာစရာ အကြောင်းတောင်မရှိဘူး"

"ထွေးက ပြောနေတာမဟုတ်ပါဘူး မောင်ရဲ့ ။ မောင်က ပြောနေတာ မဟုတ်မှန်းလည်း ထွေးသိပါ တယ်"

မောင့်လက်မနှစ်ဖက်သည် နားထင်နှစ်ဖက်ကို ညှပ်ထားလေသည် ။

"ဒါဖြင့် ဒီလိုလုပ်လေ၊ အခု မောင် မပြန်ခင် ရုံးတက်လက်မှတ်ထိုးထားမလား၊ ထွေး ပိုပြီးစိတ်ချရတာ ပေ့ါ"

ခေါင်းခါပြလိုက်သည် ။

"လက်ထပ်စာချုပ်ဆိုတာက စာရွက်ပဲ မောင်ရယ်။ မောင့်ကို ယုံကြည်လွန်းလို့ ထွေး ဘဝကို ပေးခဲ့ပြီပဲ ကွယ်။ စိတ်နှလုံးက စာရွက်စာတမ်းထက် ပိုပြီး ခိုင်တယ်ထင်တယ်။ မောင် စိတ်ကူးတွေချည်း ရှေ့က ပြေးနေ တာကိုး။ ဖြစ်နိုင်တော့ရဲ့ မဖြစ်နိုင်တော့ဘူးဆိုတာလည်း ထည့်ထည့်

တွေးပါဦးလေ"

ထွေးကို မကြည့်၊ ခေါင်းငုံ့ထားရင်း သူ ပြောသည် ။

"ဒါဖြင့်ရင် ... ခုပဲ ထွေးတို့ အိမ်မှာ မောင် နေတော့မယ်"

"အမယ်လေး ... အဲသလို လုပ်လိုက်ရင် မောင့်မိဘတွေ ပိုပြီး ရင်ကျိုးကုန်ကြမှာ ပေါ့"

မောင် သက်ပြင်းချလေသည် ။

"ဒီလိုဆိုလည်း ထွေး စိတ်အေးအောင် မောင် စိတ်ကူးလို့ မရတော့ ဘူး"

"ထွေး စိတ်မအေးလို့ ပြောနေတယ်လို့ များ တော့ မထင်လိုက်ပါနဲ့ မောင်ရယ်"

"ဒီနေ့တစ်နေ့လုံး ထွေး စကားပြောပုံက တစ်မျိုးပဲ"

"မောင့်စိတ်ကို မောင် မလုံလို့ ထင်နေတာနဲ့ တူပါရဲ့ "

မောင် မျက်ခုံးတွေ ပင့်တက်သွားသည် ။

"ခွေးမ .. လူကို အူလည်လည်ဖြစ်အောင် လျှောက်ပြောနေတာချည်း ပဲ"

အသံထွက်အောင်ပင် ထွေး ရယ်လိုက်သည် ။ တကယ်တမ်းတွင် မပြောရက်၊ ပြောမထွက်နိုင်သေးပါ ကလားဟု ကိုယ့်ကိုယ်ကိုယ် သိရသ ည် ။ ထိုနေ့က မောင့်အမူအရာတွေအားလုံးသည် ရှေးကလို မဟုတ် တော့။ ထွေး အသားကို တစ်ဆံချည်မျှပင် မောင် မထိ။

ပဝါတစ်ကမ်း လက်တစ်ကမ်းသည် ဝေးကွာခြင်း၏ အစပေလားဖြ င့် သိပင် မသိခဲ့။

******

တုတ်တုတ်သည် ထိုစကားတို့ ကို ပြောပြဖို့ များ စွာ စဉ်းစားထားခဲ့ ဟန်တူလေသည် ။ စင်စစ်တွင် တုတ် တုတ်ကို ကြည်လွင်နှင့် ပတ်သက်ပြီးမှ သာ သိကျွမ်းခဲ့ရခြင်းဖြစ်သည် ။ ကြည်လွင်နှင့် တစ်မြို့ ထဲနေ၊ တစ် ကျောင်းထဲ အောင်လာသော အကြောင်းသိချင်း။ ထွေးနှင့် အကြောင်းဆက်သည် နှင့် တုတ်တုတ်ကို ခေါ်လာ သည် ။ ခေါ်လာမည် ဟု ကြည်လွင်က ထွေးကို ပြောပြထားသော်လည်း ခေါ်မလာမီကပင် တု တ်တုတ်ကို ထွေး မြင်ဖူးခဲ့သည် ။ အင်းလျားစားသောက်ဆိုင်ဘက်တွင် တုတ်တုတ်ကို ထွေး မြင်ဖူးခဲ့သည် ။ အင်းလျားစားသောက် ဆိုင်ဘက် တွင် တုတ်တုတ်ကို မြင်နေကျ။ ထို့ပြင် ထွေးတို့ အအေးဆိုင်သည် တုတ် တုတ်နှင့် သူငယ်ချင်းတစ်စု လာနေကျဆိုင်။ တုတ်တုတ်နှင့် မိတ်ဆက် ပေးသောနေ့က ကြည်လွင့်မျက်နှာကို ကနေ့တိုင် သူ့မျက်လုံးထဲမှ မထွ က်။

"ထွေးက တကယ်လှတာပဲ၊ ကြည်လွင်နဲ့ တောင် မတန်ဘူး"

ရယ်လိုက်ရသည် ။ ဟောဟောဒိုင်းဒိုင်း ပြောတတ်သော တုတ်တုတ် ၏ စရိုက်ကို သိလိုက်ရသည် ။ တုတ် တုတ်သည် သူ့ပခုံးကို လာ၍ ဖက် ရင်း ပြုံးသည် ။

"တို့ ကိုလည်း ခင်ပါ ထွေးရယ်၊ ညီအစ်မတွေလိုပေါ့။ ဒီကောင်က န ည်းနည်းဆိုးတယ်။ ထွေးက သည်း သည်းခံရမှာ နော်"

ကြည်လွင်မှာ ရှက်ပြုံးနှင့် ၊ ပီတိနှင့် ။

"တုတ်တုတ်ကလည်း ဟာ ငါ့ကိုချည်း အပုပ်ချနေတာပဲ"

"အပုပ်ချရမှာ ပေါ့။ ငါက ထွေးဘက်က နာတယ်။ အဟုတ်ပြောတာ "

တုတ်တုတ်စကားကြောင့် ကြည်လွင်က ဝါးလုံးကွဲ ရယ်ချလိုက်သည် ။

"ထွေးက အသားလေးတွေ ဖြူလိုက်တာမှ ဝင်းလို့ ။ နင်က ငါးကျည်းခြောက်ကို နေလှန်းထားသလို၊ တုတ်တုတ်ကို စကားသိပ်များ တယ်လို့ ထွေးတော့ ထင်မလားမသိဘူး" ကြည်လွင်က ဝင်၍ ပြောသည် ။

"သိပ်တော့ မကျွာလှပါဘူးလေ ..."

တုတ်တုတ်က အံကြိတ်ပြသည် ။ သူက မျက်စောင်းတစ်ချက် ထိုးလိုက်သည် ။

"မမရယ် ... သူက ထွေးကို စကားများ တယ်တဲ့ "

သည် စကားထဲတွင် တုတ်တုတ်ကို မမဟု သုံးနှုန်းလိုက်ခြင်းမှာ ပထမဦးဆုံးဟု အမှတ်ရနေသည် ။ ဘာ ကြောင့် ရယ်တော့ မသိ။ တုတ်တုတ်ကို အစ်မတစ်ယောက်လို ခင်သွားသည် ။ တုတ်တုတ်ကို အစစအရာရာ ယုံ ကြည်သွားသည် ။ တုတ်တုတ်စကားအရဆိုလျှင်လည်း သူ့ကို ညီမအရင်းအချာသဖွယ် ခင်မင်သည် ဟု သိရ သည် ။ မွေးချင်းအရင်းများ ထဲတွင် ညီမမရှိခဲ့၍ ပိုလို့ ခင်သည် ဆိုသော တုတ်တုတ်၏ စကားကို လက်ခံထား သည် ။ တစ်ခါမှ တော့ ဖွင့်မမေးမိခဲ့။ ခင်မင်တရားထက် ကရုဏာက ပိုမိုကဲလိမ့်မည်ထင်သည် ။ တုတ်တုတ်၏ ဘဝက မောင့်ဘဝထက် ပို၍ အစစပြည့်စုံသည် ။ လိုလေသေးမရှိသော

ထိုဘဝမျိုးကို စိတ်ကူးကြည့်သည် ။ စိတ် ကူးသက်သက်မှန်း သူမသိ မဟုတ်။ သို့သော် မောင်နှင့် ရည်တူရည်မျှ ဖြစ်ချင်လှသောကြောင့် သာ။ မလွဲမသွေ ရေစက်ဆုံချင်သော ချစ်သည့် စိတ် တစ်ခုတည်းဖြင့် ဘဝအတုတစ်ခုကို အငှားတွေး တွေးရာအတွေး။ သည် အတွေးမှ ပြန်လည်ထွက်ခွာလာရသောအခါတိုင်း ကိုယ့်ကိုယ်ကိုယ် ပြုံးလိုက်မိသည် ချည်း။ တစ်ခါတလေတော့ ထိုအတွေးမျိုး တွေးမိသော ကိုယ့်ကိုလှောင်ရယ် ရယ်ပစ်လိုက်မိသည် ။ တစ်ခါတစ်ရံကျတော့ သနားမိပြန်သေး သည် ။ အငြိမ်သက်ဆုံးစိတ်ကို ရတတ်သောအခါ ကိုယ့်ကိုယ်ကိုယ် ခွာ၍ ကြည့်နိုင်ခဲ့သည် ။

လူမှန်းသိတတ်ခါစကို မျက်စိအောက်တွင် အရှင်းသား။ ဝါယာကြိုးခွေတွေ၊ ဝက်အူလှည့်တွေ၊ ပလာ ယာတွေ၊ မီးသီးတွေ၊ ခလုတ်တွေ၊ မီးခေါင်းတွေဖြင့် အလုပ်ရှုပ်နေသော အဖေ့ရုပ်သွင်ကို မြင်နေသည် ။ ညနေ တိုင်လျှင် အရက်မူးပြီးပြန်လာသော အဖေ့ကို ပို၍ မှတ်မိနေသည် ။ အဖေနှင့် အမေတို့ စကားများကြသောအခါ အခန်းထောင့်တွင် ထိုင်၍ ငိုခဲ့ရသည့် နေ့တွေကိုလည်း မမေ့။ အဖေက သူအလုပ်လုပ်ရာသို့ ခေါ်သွားတတ်သည် ။ အဖေ့အလုပ်မှာ ရန်ကုန်တက္ကသိုလ်တစ်ခွင် လျှပ်စစ်အလုပ်သမား။ အဖေနှင့် အတူလိုက်သွားရင်း သစ်တိုသီး၊ မရမ်းသီး စားခဲ့ပုံတွေ၊ ကံ့ကော်ပန်း ခူးခဲ့ပုံတွေ၊ ရေတမာသီးခူးခဲ့ပုံတွေကို မနေ့ကနှယ် အမှတ်ရလျက် ရှိသည် ။ လေးတန်းအောင်စာရင်းထွက်သောနေ့က အဖေ ပြန်အလာကို စောင့်ခဲ့ပုံ၊ အဖေ့မိတ်ဆွေတွေက အဖေ့ကို ချီပွေ့လာပုံ၊ တက္ကသိုလ်ဆေးရုံသို့ အဖေ့ကို ပို့လိုက်ရပုံ၊ အဖေ့ကို စာမေးပွဲအောင်ကြောင်း ပြောပြရန် အဖေ သတိ အလည်စောင့်ရပုံ၊ အဖေ ဆုံးသွားပုံ ... စသည် စသည် တို့ ။ တက္ကသိုလ်အုပ်ချုပ်ရေး လူကြီးများထံသို့ သူ့လက် ကို ဆွဲ၍ အမေသွားပုံ၊ အမေ့ကို ဆိုင်ခန်းတစ်နေရာပေးပုံ

၊ မုန့်ဟင်းခါးဆိုင် ပထမဆုံးထွက်ပုံ၊ ကျောင်းဆင်းပြီး လျှင် အမေ့ဆိုင် တွင် ဈေးကူရောင်းရပုံ အစရှိသော။ ခုနစ်တန်းစာမေးပွဲအောင်သောနှစ် တွင် အမေက ကျောင်း ထွက်ခိုင်း၍ အမေ့ဆိုင်ကို လုံးလုံးလျားလျား ကို င်ရသည် ။ ထိုအချိန်တွင် လက်သုပ်ဆိုင်ဖွင့်ထားသည် ။ သုံးလေး လကြာသောအခါ အအေးဆိုင်အဖြစ်သို့ ပြောင်း၍ ဖွင့်ခဲ့သည် ။

ပစ္စည်းမှန်မှန်၊ စေတနာသန့်သန့်ဖြင့် ကြိုးကြိုးစားစားရောင်းခဲ့၍ နာမည်ထွက်လာသည် ။ တောင်ငူ ဆောင်စားသောက်ဆိုင်၊ အင်းဝဆော င်စားသောက်ဆိုင်၊ မာလာဆောင် စားသောက်ဆိုင်တို့ ရှိ အအေးဆိုင်၊ နာ မည်ကြီးများကဲ့သို့ ထွေးတို့ ဆိုင်သည် အင်းလျားစားသောက်ဆိုင်တ န်းဘက်တွင် ပထမတန်းစား။ နွေနွေ မိုးမိုး ဆောင်းဆောင်း၊ ဆိုင်တွင် လူပြတ်သည် မရှိ။ ကျောင်းပိတ်ရက်များ တွင် ပင် ကိုယ့်အတွက် မကျန် ဘူးဆိုဦးတော့ ဆယ့်ငါးကျပ်အောက်မလျော့။ ကျောင်းဖွင့်ရက်လည်း ဖြ စ်မည်၊ ရာသီအလိုက်အသီးအနှံပေါ်ခိုက်လည်း ဖြစ်မည် ဆိုလျှင် ရောင်း မကောင်းဘူးဆိုဦးတော့ နှစ်ဆယ့်ငါးကျပ်ထက်မနည်း ကိုယ့်အတွက်ကျ န်သည် ။ နာနတ်သီး၊ စတော်ဘယ်ရီ၊ သီးမွှေးငှက်ပျော၊ သင်္ဘောသီး၊ ထောပတ်သီးပေါ်ချိန်တွင် ပို၍ အဆင်ပြေသည် ။ ဆိုင်တွင် တင် ရောင်း သမျှ အသီးစုံထဲတွင် တစ်သက်လုံး အမှတ်ရနေမည်က ထောပတ်သီး။ ထောပတ်သီးအဖျော်ကို မောင် နှစ်သက်သည် ။ ထွေးတို့ ဆိုင်သို့ ရက်ခြားဆိုသလို၊ ရက်ဆက်ဆိုသလို လာသောက်တတ်သည် ။ လာကာ စက မောင့်ကို ဇီဇာကြောင်သည် ထင်ခဲ့သည် ။ နို့ဆီနည်းသည် ၊ များ သ ည် ၊ သကြားနည်းသည် ၊ ရေခဲနည်းသည် ၊ များ သည် ပြောပြီး ပြင်ခိုင်း လေ့ရှိသည် ။ အထာကို သိလာရသောအခါ အပြင် အဖြည့်မလုပ်ရတော့ ။ အတိ။

ပြုံး၍ ရယ်၍ နှုတ်ဆက်ကြသည် အထိ ရင်းနှီးလာချိန်တွင် စေတနာ

နည်းနည်းပိုချင်လာသည် ။ ကိုယ်က စသည့် စကားလုံးတွေကို မောင်သာ မေ့ချင်မေ့သွားလိမ့်မည်။

"မနေ့က ဆရာ ဒီကိုရောက်မလာဘူးနော်"

"ဆရာ ... ထမင်းသုံးဆောင်ပါဦး"

"ဆရာက ဒီနေ့ လူမှားရလောက်အောင်ပါပဲကလား"

"သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ဆရာ အိမ်ပြန်မှာ လား"

"ဝမ်းသာပါတယ် ဆရာရယ် ... အိမ်လာလည်ချင်တယ်ဆိုတာကို မငြင်းပါဘူး။ ဒါပေမဲ့ ထွေးတို့ အိမ်က အစုတ်ကလေးပါ။ ထွေးတို့ ကဆင်းရဲတယ်ဆရာ"

"ဩော် ... ဆရာရယ် သတိရတယ်ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ။ လက်ဆောင်ပစ္စည်းတွေ ဘာတွေနဲ့ တကူးတက ဒုက္ခခံလို့ ရှင်။ ဒါထက် ဆရာ့မိဘတွေကော နေထိုင်ကောင်းကြတယ်နော်"

ပြန်လည်တွေးမိခြင်းသည် မှန်ကို ငုံ၍ ကြည့်လိုက်ရသည် နှင့် မခြား ။

ဣန္ဒြေကြီးသည် ၊ သိက္ခာရှိသည် ၊ အနေအထိုင်တတ်သည် ဟု ချီးကျူးခြင်းခံရသော ကိုယ့်ကိုယ်ကိုယ် တိုးတိုးရယ်မိသည် ။ သူ့ကို ပိုခဲ့မိသော စေတနာ၊ ပိုခဲ့မိသော အတွယ်အတာသည် ကိုယ့်ဣန္ဒြေကို သိမ်သိမ်မွေ့မွေ့ ဖျက်သိမ်းခဲ့ပြီထင်ရလေ၏။ ဣန္ဒြေရှင်မိန်းကလေးမျိုး၏ နူးညံ့သော လက်ယပ်၊ သိက္ခာရှင်မိန်းကလေးမျိုး၏ လှပသောခေါ်သံ၊ အနေတတ်ရာ မိန်းကလေးမျိုး၏ ဖွယ်ရာသော ကမ်းလင့်ချက်တို့ မည်သည်သည် အတိုင်းဟု တွေးမိသည် ။ စိတ်ကုန်လွတ်၍ မူ ဘယ်အခါမှ မထားခဲ့။ ကြားဖူးနားဝလည်း ရှိခဲ့သည် ။ မျက်စိရှေ့မှောက်တွင် မြင်နေရသည်

တို့ လည်း ရှိသည် ။ ပုံပြင်သဖွယ် ကျန်ရစ်ခဲ့သော သည် နယ်ပယ်၏ ဇာတ်လမ်းများ စွာကို မသိမသိ လိုက်ခဲ့သည့် တိုင် ယုံမှတ်ထားစမြဲ။ ကိုယ့်နယ် ဈေးသည် ကလေးတစ်ယောက်အဖို့ ရာမဆိုနှင့် ။ တက္ကသိုလ် ကျောင်းသူရင့်မကြီး အချောအလှတွေပင်လျှင် အချစ်မီးလျှံတွေကြား၌ ကျွမ်းမြိုက်ခြင်းဒဏ် မရှုမလှ ခံခဲ့ကြရ သည် ။ ခြေတစ်လှမ်းအမှားက တစ်ဘဝလုံးကို ပျက်ခြင်းကြီးစွာဖြင့် ပျက်စေတတ်သည် ဟု နားလည်ခဲ့သည် ။ အင်းလျားရေပြင်နှင့် အမျိုးသမီးဆောင်၏ အခန်းအချို့ရှိ မျက်နှာကြက်ထုတ်တန်းတို့ က ပြောလေ့ရှိသော ကြေကွဲစရာအဖြစ်များကို ကြားသိခဲ့ဖူးပြီ၊ သည့် ပြင် အထိန်းအကွပ် စနစ်ကျတော့ အမေ့ရင်ခွင်တွင် နေရ၍ ချိန်တတ် ဆတတ်သည် ။

နားအတွေ့အကြုံများ ဖြင့် မောင့်ကို စေ့စေ့စပ်စပ် သတိပြုခဲ့သည် ။

မောင့်နေပုံထိုင်ပုံတွေက စည်းကမ်းရှိသည် ။ အပြောအဆိုယဉ်ကျေးသည် ။ ခန့်ညားလှသော မောင့်မျက် နှာတွင် တည်ကြည်မှုလက္ခဏာတွေ တွေ့ရသည် ။ ပေါ်လွင်သော နှာတံနှင့် စူးရှသောမျက်လုံးတို့တွင် သမာဓိကြီး ပုံကို ရှာ၍ တွေ့သည် ။ ပါးပါးလွှာလွှာမဟုတ်သော မောင့်နှုတ်ခမ်းသည် ရင့်ကျက်မှုတွေကို သက်သေခံနေသည် ဟု တွက်သည် ။ မျက်နှာချင်းဆိုင် ရပ်လျက်သား စကားပြောခိုက်တွင် မော့ကြည့်ရသည် ကို အလိုလိုသဘောကျမိ သည် ။ မျက်နှာကျသွယ်သော မောင့်ကို ကြည့်မဝ ဖြစ်လာချိန်တွင် အသေးစိတ် လေ့လာမည့် စိတ်တွေက ဘယ်သို့ ရောက်ကုန်သည် မသိ။ ဘယ်ပျောက်သွားသည် မပြောတတ်။ တစ်စတစ်စ ရင်းနှီးလာကြသော် အနှောင်အဖွဲ့စိတ် တွေ များ သည် ထက်များ လာကြောင်းကို ချုပ်တည်းထားရာနှလုံးသား၌ တွေ့ရလေ၏။ အခေါ်အဝေါ်တွေကို ချက်ချင်းပြောင်းချင်သည် ။ တက္ကသိုလ်လိုနေရာမျိုးတွင် ကျောင်းသားနှင့် ဆရာခွဲ၍ မလွယ်သောကြောင့် ဖြစ် သည် ။ မည်

သူကိုမဆို 'ဆရာ'ဟု လေးစားသမှုပြုကာ ခေါ်ဆိုသုံးနှုန်းရသည် ။ မောင့်ကိုလည်း ဆရာဟု ပင် ခေါ် ခဲ့သည် ။ ထိုအခေါ်ကို စိမ်းလွန်းရာကျသည် ။ အများ တကာနှင့် ရောနေရာကျသည် ဟု ထွေး၏။

******

သို့တစေ မောင့်ချစ်စကားကို စတင်ကြားရသောနေ့၌ လည်း 'ဆရာ' သည် ပျောက်မသွားနိုင်သေး။

"ထွေး ... စဉ်းစားပါရစေလား ဆရာရယ်"

မောင် စိတ်စောနေပုံရလေသည် ။

"သိပ်အကြာကြီး စဉ်းစားနေမှာ လား ထွေး"

ခုန်ပေါက်ပြေးလွှားနေသော နှလုံးသွေးအသံကို မောင် ကြားမည်ပင်စိုး၏။

"မိန်းမသားဘဝကို ဆရာ နားလည်မှာ ပါ။ စဉ်းစားခြင်းဟာ ဒုက္ခကို ရှောင်ရှားတဲ့ နေရာမှာ ပထမဦး ဆုံး အကာအကွယ်တဲ့ ဆရာ။ စိတ်မရှိပါနဲ့ ဆရာရယ်။ ဆရာ့ကို ကသိကအောက်ဖြစ်အောင် တမင်လုပ်တယ်လို့ မယူဆစေချင်ပါဘူး၊ ဆရာ နားလည်ပါတယ်နော်"

"ကျွန်တော် နားလည်ပါတယ်။ ထွေးဘက်ကို ကျွန်တော် စဉ်းစားမိပါတယ်။ ဒါပေတယ်လို့ လည်း ပေါ့ ဗျာ။ စောင့်ဆိုင်းရတဲ့ ကာလက ..."

မောင် ပြောမည့် စကားကို ကြားဖြတ်ဝင်ပြောလိုက်သည် ။

"ဟုတ်ပါတယ်ဆရာ ... စောင့်ဆိုင်းရတဲ့ ကာလက အတိုင်းအဆမရှိအောင် ကြာရှည်မှာ တော့ မဟုတ်ပါ ဘူး ဆရာ။ ပြီးတော့ ထွေးမှာ ဖြေစရာအသင့်ရှိရက်နဲ့ မိန်းကလေးတို့ ရဲ့ ရိုးရာထုံးစံအတိုင်း မတင်မကျ စကား မျိုးပြောတာလည်း မဟုတ်ပါဘူး။ ကျဈေးနဲ့ မိသွားမှာ စိုးလို့ အချိန်ဆွဲတာလည်း မဟုတ်ရပါဘူး။ ဆရာ ယုံတယ် မို့လား"

အမှန်တွင် အဆုံးပိတ် ဆုံးဖြတ်ချက် ချလို၍ စဉ်းစားခွင့်တောင်းခြင်းသာ ဖြစ်လေသည် ။ အထင်မှားခံရ မည်ကို ဖယ်ရှားနေသော တစ်ဖက်သားကို အလေးထား ဦးစားပေးသော မိန်းကလေး၏ သဘော။ ထိုသဘော၌ ပင်လျှင် အဖြေတစ်ဝက်ပါဝင်လျက် ရှိကြောင်း မောင် သိနိုင်မည်ထင်၏။

သုံးလေးရက်အကြာတွင် အဖြေပေးခဲ့သည် ။

မောင် ပျော်ရွှင်ချမ်းမြေ့သွားသည် ကို ကြည်နူးဝမ်းမြောက်ရပြန်သည် ။

ထောပတ်သီးအဖျော် မောင့်ရှေ့သို့ ချပေးလိုက်သည် ။ အခွံဘက်သို့ စိုက်၍ ခြစ်မိလျှင် ဖန်မည်စိုးရသော ကြောင့် အနှစ်ကို ဖွဖွကော်ယူရ၏။ မောင့်လျှာပေါ်တွင် အဆိမ့်သာလျှင် ရှိချိမ့်မည်။

*****

ကြားလျှင်ကြားချင်း ရင်ထဲတွင် လှိုက်ခနဲ ခံစားရသည် ။

တုတ်တုတ်သည် စိတ်သဘောထား ဖြောင့်မှန်သောသူဟု နားလည်ပြီးဖြစ်သည် ။ ယုံကြည်ပြီးသားဖြစ် သည် ။ ကိုယ့်ထက်ပို၍

စဉ်းစားဉာဏ်ရှိသည် ဟု အထင်သားရှိခဲ့သည် ။ တုတ်တုတ်၏ စကား ကိုဆိုလျှင် အလေး အနက်မပြုသည် မရှိခဲ့။ ကိုယ့်အပေါ် စေတနာထား သည် ဟု ယုံကြည်သည် ။ အရင်းနှီးဆုံး မိန်းမဖော်မှာ တုတ်တုတ်။ တစ် ယောက်တည်းသော တိုင်ပင်ဖော်။ ကိုယ့်ဘဝကို ကိုယ့်နည်းတူ သိသူဟူ ၍ တုတ်တုတ်မှ တစ်ပါး အခြားသူမရှိ။ တစ်ခါတလေတွင် တုတ်တုတ်နှ င့် စကားလက်ဆုံ ပြောနေရသည် မှာ အားငယ်စိတ်တွေ ဖျောက် ထား သလိုရှိ၏။ ကိုယ့်ထက် ကိုယ့်ကိုယ်ကိုယ် နားလည်နေသူများ ဖြစ်နေသ လားဟု ထင်မိသည် ။

"ထွေးကို မမတုတ် တစ်ခုပြောချင်တယ်။ ဒါက တခြားမဟုတ်ပါဘူး ။ ဘာကိုမှ မြင့်ပြီး တွက်မထားဖို့ ပါ..."

တုတ်တုတ်မျက်နှာကို သေသေချာချာ ကြည့်လိုက်သည် ။ မျက်လုံး ထဲတွင် အကြင်နာတရားကို တွေ့ရ သည် ။ နှုတ်ခမ်းတွင် စာနာမှုတွေ ကို မြင်ရသည် ဟု ထင်၏။ အလွန်တရာ တည်ကြည်လျက်ရှိသော မျက် နှာထား ကြောင့် လှုပ်ရှားသွားသော ကိုယ့်စိတ်ပင်လျှင် ငြိမ်သက်လာရ သည် ။ သူ့ကို အကဲခတ်အကြည့်ဖြင့် တုတ်တုတ် ကြည့်နေသည် ။ မပြောစဖူး စကားကို ပြောလာသူ၏ စိတ်သဏ္ဌာန်ကို မှန်းဆကာ ပြန်ကြည့်လိုက်သည် ။ ထင် မှတ်ရ၏။ သည် စကားကို ပြောဖို့ တုတ်တု တ် အချိန်ယူစဉ်းစားခဲ့ရပုံရှိ၏ ဟု ။ ထွေး စိတ်အနှောင့်အယှက်ဖြစ် သွားမည်ကို သူ ကြောင့် ကြမကင်း ဖြစ်ဟန်လည်း ရှိ၏။ အားလျော့စိတ် တွေ ထွေးရင်ထဲသို့ ဝင်လာမည်ကို ပူနေ ဟန်လည်း တူ၏။

"မမတုတ် ပြောတာကို ထွေး နားလည်မယ်ထင်တယ်"

"မမတုတ် စကားထဲက 'ဘာကိုမှ ' ထဲမှာ အထူးတလည် ဘာတွေများ ပါလဲဟင် ..."

တုတ်တုတ်သည် ပြုံးလိုက်သည် ။

"အကုန်ပေါ့ကွယ်။ ဘဝတစ်ခုမှာ ရှိနေတာတွေ ဖြစ်နေတာတွေ အကုန်ပါတာပေါ့"

"ထွေး ဘာကိုမှ မြင့်တော့ မတွက်ပါဘူး မမတုတ်ရယ်။ ဒါပေမဲ့ မျှော်လင့်ချက်တော့ ထားတတ်ပါ တယ်"

တုတ်တုတ်သည် ကော်ကိုင်းမျက်မှန်ကို အသာမကာ မျက်ခွံပေါ်မှ ချွေးစတွေကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည် ။ မျက်မှန်ကို နေသားတကျ ပြန်တပ်ပြီး

"မှန်တာပေါ့ ထွေးရယ်။ မျှော်လင့်ချက်ဆိုတာ ဘယ်လူမျိုးမဆို ကင်းနိုင်တာမှ မဟုတ်တာ။ အရေး အကြီးဆုံးကတော့ ဘာကိုမဆို ရင်ဆိုင်နိုင်တဲ့ စိတ်ပဲ ထွေးရဲ့ ။ ခံနိုင်ရည်ရှိထားတာဟာတဲ့ အခက်အခဲတွေကို တစ်ဝက်မက ကျော်လွှားထားတာပဲတဲ့ "

စိတ်ဓာတ်နဲ့ စပ်လျဉ်းသော စကားတွေကိုမှ ရွေးချယ်ပြီး ပြောနေခြင်းမှာ အကြောင်းတစ်ခုခုရှိလိမ့်မည် ထင်၏။ တစ်ယောက်နှင့် တစ်ယောက် မထိမ်မချန် ပြောဆိုတိုင်ပင်ခဲ့သဖြင့် ဖွင့်မမေးရဲစရာမရှိ။

"မမတုတ် ဒီစကားတွေချည်း ခုတစ်လော ပြောပြောနေတာ ထူးခြားချက်တစ်ခု ရှိလို့ ဖြစ်မှာ ပါ"

တုတ်တုတ်က ခေါင်းခါပြသည် ။ ပြီးတော့ ပြုံးသည် ။ ညာလိုက်သော အပြုံးဟု အလိုလိုသိနေသည် ။

"မမတုတ် ထွေးကို ဘယ်တုန်းကမှ ညာမပြောပါဘူး"

သက်ပြင်းရှည်တစ်ချက်ချလိုက်သော တုတ်တုတ်ကို စိုက်၍ ကြည့်သည် ။

"ညာမပြောတတ်မှန်းသိရက်သားနဲ့ ထွေးကကော ထူးထူးဆန်းဆန်း တွေ ဘာလို့ မမတုတ်ကို ပြောနေ တာလဲဟင်"

အပြောရခက်သောအနေအထားသည် ထွေးဘက်သို့ တစ်လှည့်ရောက်လာသည် ။ ထွေးသည် မျက်မှောင် တစ်ချက် ချီလိုက်သည် ။ တအုံတနွေးနွေး ထင့်နေသောစိတ်တွေကို ဖြေလျှော့လိုက်မည်ကြံသည် ။ တွေးမြင်ထား သော အနာဂတ်ကာလကို တုတ်တုတ်ထံတွင် ဖြန့်ချမည်ဟု စိတ်ကူးလိုက်သည် ။ တုတ်တုတ်၏ မျက်လုံးထဲတွင် သူ့ရင်ထဲမှ အထုပ်သည် ပြေလျက်ရှိနေပြီလားဟု တွေးသည် ။ တုတ်တုတ်၏ စကားစကို ပြန်၍ ကောက်လိုက် သည် ။

"ဘာကိုမှ မြှင့်မတွက်ထားဖို့ ထဲမှာ ကိုကြည်လွင်ကော ပါလားဟင်"

အဓိပ္ပာယ်ရှိသော အကြည့်တစ်ချက်ကို တုတ်တုတ်ထံတွင် တွေ့ရသည် ။ ချက်ချင်းမူ စကားမပြန်။ နှစ် ယောက်သား မျက်နှာချင်းဆိုင်ပြီး အကြာကြီး ကြည့်နေမိကြသည် ။ ပတ်ဝန်းကျင်မှ အသံဟူသမျှ တိုးတိတ်သွား ချိန်တွင် ဘုရားစင်ပေါ်ရှိ စားပွဲတင်နာရီစက်သံကိုပင် ကြားရသည် ။ အိမ်ထဲတွင် အလင်းရောင်မှိန်စပြုလာ သည် ။ မည်မျှကြာသည် မသိ၊ အစရခက်နေသော စကားသည် နှစ်ဦးအကြားတွင် ခြားလျက် ရှိချေ၏။

တုတ်တုတ်က စကားစတင်မည်အပြုတွင် ထွေး ဦးခေါင်းသည် ငုံ့လျက်သား ရှိလေသည် ။

"ဒီမေးခွန်းကို အစောကြီးကတည်းက ဘာလို့ မမေးခဲ့တာလဲ ထွေး"

သင်ဖြူးဖျာကို လက်ညှိုးနှင့် ပွတ်နေရာမှ ဆတ်ခနဲရပ်လိုက်ပြီး မျက်လွှာလှန်ကြည့်သည် ။ ထွက်သက် ကို ပြင်းပြင်းမှုတ်ထုတ်သည် ။ ထွေး နှုတ်ခမ်းသည် တင်းခနဲ ဖြစ်သွားသည် ။

"သတ္တိမရှိခဲ့လို့ ဖြစ်မှာ ပေါ့ မမတုတ်ရယ်"

တွေ၍ ကြည့်နေသော တုတ်တုတ်၏ မျက်လုံးသည် အားဖျော့ဖျော့ ဖြစ်သွားသည် ။

"ခုတော့ကော သတ္တိရှိလာတယ်ပေါ့"

ထွေး ခေါင်းညိတ်ပြသည် ။

"ထွေး သူ့ကို သိပ်ချစ်ပါတယ် မမတုတ်ရယ်"

တုတ်တုတ်သည် ခေါင်းကို လေးလေးပင်ပင် ညိတ်ပြလိုက်သည် ။

"ထွေး ဒီအသက် ဒီအရွယ်အထိ စောင့်စောင့်စည်းစည်းနေလာခဲ့တာ ပါ"

"သိပါတယ် ညီမရယ်"

"သူက ထွေးရဲ့ အချစ်ဦးပါ"

"နားလည်ပါတယ်ကွယ်"

ထွေးဆီမှာ ဘာမှ မကျန်တော့ပါဘူး။ သူ့ကို သဒ္ဓါလွန်ခဲ့ပါတယ် မမတုတ်ရယ်။ ဝမ်းနည်းတာကတော့ အမှန်ပါ။ သူ့အတွက်ဆိုရင် ထွေး ဘာကိုမှ မနှမြောခဲ့ပါဘူးလေ။ သူ့ကို ဆုံးရှုံးရမှာ ကိုတော့ ထွေး သိပ်ကြောက်ခဲ့ ပါတယ်"

"ဩော် ... ထွေးရယ်"

နစ်ဝင်သွားသော သူ့အသံကြောင့် တုတ်တုတ်မျက်နှာသည် သိသိ သာသာ ပျက်သွားသည် ။

"ဒီနှစ် ကျောင်းပြန်ဖွင့်တော့ ထွေး သိပ်မပျော်တော့ဘူး သိလား။ သူ

ကျောင်းပြီးတော့မယ် မဟုတ် လား။ ထွေးတို့ ကံကြမ္မာကို ဆုံးဖြတ်မယ့် နှစ်လို့ လည်း သိနေတယ်လေ၊ စိတ်ထဲမှာ ချမ်းမြေ့ခဲ့ရတာ မနှစ်ကနဲ့ တစ်နှစ်ကပါ။ အချစ်ဆိုတာ ဒီလိုပဲနဲ့ တူပါတယ် မမတုတ်ရယ်"

တုတ်တုတ် မေးသည် ။

"ရင်ထဲမှာ မရှင်းဘူးဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ် မမတုတ်"

"ဘာနဲ့ ပတ်သက်လို့ လဲ ထွေး"

ထွေး ငိုင်သွားသည် ။ မဖြေဘဲ နေသည် ။

"ထွေး စိတ်မရှင်းတဲ့ သူတစ်ယောက်ရဲ့ နာမည်ကို ထုတ်ပြောဖို့ ခက်နေတယ် မဟုတ်လား"

ထိတ်လန့်သောမျက်နှာကို ထွေးသည် ကြိုးစားဖုံးကွယ်လျက် ရှိသေးသည် ။ ခေါင်းမညိတ်၊ ခေါင်းမခါ နိုင်ဖြစ်နေသည် ။ တုတ်တုတ်သည် အိမ်ရှေ့ခြံဝဘက်သို့ ငေးကြည့်လျက်ရှိသည် ။ စကားလွန်သွားသလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည်စဉ်းစားနေဟန်ရှိလေ၏။ တစ်ယောက်၏ အသက်ရှူသံကို တစ်ယောက်က ကြားနိုင် လောက်အောင် ငြိမ်သက်လျက် နေကြသည် ။

"မမဟာ ထွေးရဲ့ အစ်မအရင်းလို့ ဆို"

ထွေး ခေါင်းညိတ်သည် ။

"ထွေးဘဝကို အသိဆုံးဟာ ... မမဆို"

ခေါင်းကိုသာ ညိတ်ပြလိုက်သည် ။

"မမကို ချစ်တယ်၊ အားကိုးတယ်ဆို"

ခေါင်းအညိတ်ပင်လျှင် မသိသာနိုင်တော့။ ညိတ်လိုက်သောခေါင်းကို မဖော်တော့။

"ဒါဖြင့် ရင်ထဲရှိသမျှ မမကို ပြောလေ"

ရင်ထဲမှ ဝေဒနာကို နှုတ်ခမ်းဆီသို့ရောက်အောင် ရွှေ့မရ။ ရင်ဝတွင် အထစ်အဆို့ တစ်ခုခုခံနေသည် လား မသိ။ နှုတ်ဟရန် ခက်ခဲပင်ပန်းစွာ ခံစားရသည် ။

"ထွေးကို မမ အကဲခတ်နေတာ ကြာပါပြီ"

လေသံက ပျော့ပျောင်းလှသည် ။

"ထွေး ရွှင်ရွှင်ပျပျမရှိတာလည်း ကြာပါပြီ"

လေးလေးပင်ပင် တစ်ခွန်းချင်း ပြောသည် ။

"မမ သိပါတယ်ကွယ်။ ခင်နှင်းအိနဲ့ ပတ်သက်လို့ မဟုတ်လား"

ဆတ်ခနဲ တုန်သွားသည် ။ နင့်ကနဲ ရှိုက်လိုက်သော ထွေးကိုယ်လုံးသည် တစ်ချက်ခါသွားလေ၏။

"ဒီနာမည်ကို ထွေး ထပ်ပြီး မကြားချင်တော့ဘူး မမရယ်"

တုတ်တုတ်သည် သူ့ပခုံးနှစ်ဖက်ကို အသာအယာဆွဲယူလိုက်သည် ။ ဆောင်းည လေပြည်အေးသည် အပြင်ဘက်၌ သာ ဝေ့လျက်ရှိချေ၏။

******

"တော်တယ်ဆိုပေမဲ့ သုံးလေးဝမ်းကွဲလောက်ပါ ထွေးရဲ့ "

ထွေး တစ်စုံတစ်ရာ ပြန်၍ မပြော။

"ခင်နှင်းအိနဲ့ ပတ်သက်လို့ ထွေး မေးတာ မောင် အံ့သြနေတယ်"

ကြည်လွင့်မျက်နှာသည် အထားမတတ်သလို ဖြစ်နေ၏။

"ထွေး ဘာဖြစ်လို့ မေးတာလဲဟင်"

မေးဖျားကို အသာမ၍ မေးလေသည် ။ ဖြေရမည့် အတွက် နှုတ်လေးနေမိသည် ။ မောင့်မျက်နှာ ညှိုးမည် စိုးသည် ။ ရင်ထဲတွင် မကောင်းလှသော်လည်း အားတုံ့အားနာ ဖြစ်ရသည် ။ မောင် မြှုပ်ကွယ်ထားသော အကြောင်းအရာ ဖြစ်ချင်ဖြစ်နေမည်။ သူ မသိစေလို၍ ခြွင်းချန်ထားသည် တို့ ကို ဖွင့်မေးရမည်မှာ စင်စစ်တော့ မကောင်းလှ။

"တုတ်တုတ်က ထွေးကို ပြောလို့ လား"

ခေါင်းခါလိုက်သည် ။

"ဒါဖြင့် ထွေး ဘာလို့ သိနေလဲ"

ရယ်ပစ်လိုက်ချင်သည် ။ "စကားမစပ် မေးရဦးမယ်။ ခင်နှင်းအိနဲ့ မောင်နဲ့ ဆက်ဆံရေးက ဘယ်လိုလဲ ဟင်။ ဝမ်းကွဲတော်တယ်ဆိုပေမဲ့ မောင့်ကို သူက သိပ်လွှမ်းမိုးလွန်းတယ်။ ဘယ်နှဝမ်းကွဲတော်တာလဲမောင်"ဟု မေးရုံသာ မေးရသေးသည် ။ မောင် ပြောလိုက်ပုံက ဖြောင့်ချက်ပေးနေပုံနှင့် တူသည် ။ မောင် တော်တော်ကြီးပင် တုန်လှုပ်နေပုံရှိ၏။ မလုံမလဲလွန်းသော မျက်နှာနှင့် ဖြေသည် ။ မောင့်စကားသွား စကားလာကို ထောက်၍ စိတ် အထင် ရှိထားသည် ထက် အဆများ စွာ အကြောင်းကြီးနေပြီဟု သိလိုက်ရ၏။ တုတ်တုတ်က ဘာတစ်ခွန်းမျှ ပြောမထားဘူးပါလျက်နှင့် တုတ်တုတ်ပြော၍ သိရသည် ဟု မောင် တွက်နေသည် ။ ဤသို့ဆိုလျှင် တုတ်တုတ် သိထားခဲ့သည့်

မောင့်အကြောင်းတစ်ခုခုသည် ရှိခဲ့ပြီ။ တုတ်တုတ်သည် ဘာကြောင့် မပြောခဲ့ပါလိမ့်။ တစ်လော တုန်းက ရိပ်ဖမ်းသံဖမ်း စကားစခဲ့သည် မှ အပ ရေရေရာရာမဆိုခဲ့။ အကယ်၍ ခင်နှင်းအိနှင့် စပ်ဆိုင်သော မောင့် အကြောင်းတို့ သည် ဘယ်အချိန်မှ အစပြုခဲ့လေသနည်း။

ခင်နှင်းအိကို စတင် သိရှိရသည် မှ မကြာမြင့်လှသေး။

မောင် တတိယနှစ် ကျောင်းသားအဖြစ် ကျောင်းသို့ ပြန်အလာတွင် မှ မောင့်မိဘနှင့် အတူ အမျိုးသမီး တစ်ယောက်ကိုပါ ဆိုင်သို့ မောင်ခေါ် လာသည် ။ မောင့်အဖေနှင့် အမေ နှစ်ယောက်စလုံးကိုမူ သုံးလေးကြိမ်မ က မြင်ဖူးနေပြီလည်း ဖြစ်သည် ။ စကားအပြောအဆို အခင်အမင်လည်း ရှိခဲ့ပြီ ဖြစ်သည် ။ မောင် ဒုတိယနှစ်ကျောင်း သားဘ ဝတွင် မောင့်အချစ်ကို လက်ခံခဲ့သည် ။ ထိုနှစ် နှစ်ဝက်ကျောင်းပိတ်ခါနီး တွင် မောင့်မိဘတွေကို ဆိုင်သို့ ပထမဆုံးအကြိမ် ခေါ်လာသည် ။ မောင် က သူနှင့် လည်း မိတ်ဆက်ပေးသည် ။ သူ့ဖခင်နှင့် မောင့်မိဘတို့ ကိုလ ည်း မိတ်ဆက်ပေးသည် ။ အသားညိုညို ထောင်ထောင်မောင်းမောင်းနှ င့် အမြဲတမ်း ပြုံး၍ နေတတ်သော မောင့်အဖေ ကို ကြည့်ကာ ကွယ်လွန် သူ ဖခင်ကို အောက်မေ့မိသည် ။ အသားဖြူဖြူ မျက်ခုံးကောင်းကောင်း ၊ မျက်နှာချိုချို နှင့် စကားပြောကောင်းသော မောင့်အမေကို မြင်မြင်ချင်း ခင်သွားသည် ။

"ဒေါ်သင်းကြည်ရေ့၊ ကျွန်မတို့ က သားကို ကျောင်းတက်ဖို့ ကိစ္စမို့ လို့ သာ အဝေးကို လွှတ်ထားရတာ။ ဒီမှာ ရှိတဲ့ ဆွေမျိုးတွေအိမ်မှာ ထား ရင် နေချင်သလိုနေမှာ စိုးလို့ အဆောင်မှာ ထားရတာ။ ဒီတော့ သွေး သားလို သဘောထားပြီး ဆုံးမပါ။ မတော်တာတွေ့ရင် ပြောပါ ဆိုပါ။ ဒေါ်သင်းကြည်တို့ ပြောမရရင် ကျွန်မတို့ ဆီကို စာ ရေးပါ"

အမေက သားအမိ သားအဖတစ်တွေကို ပြုံး၍ ကြည့်သည် ။ "မောင်ကြည်လွင်က လူအေးပါပဲ။ အပေါင်း အသင်းကလည်း ခပ်သန့်သန့်ပါပဲရှင့်။ ဟော့ဟော့ရမ်းရမ်း မရှိပါဘူး။ စိတ်ချပါ" ဟု အမေက ပြန်ပြောသည် ။ ထို့နောက် ထွေးဘက်သို့လှည့်၍ "သမီးကလည်း ဦးတို့ ဆီ စာရေးပါ။ ညည်းအစ်ကို ကျောင်းပြေးတာတို့ ၊ ရည်း စားထားတာတို့ သိရင် လှမ်းတိုင်နော်"ဟု ပြောသည် ။ ဟန်ကြီးပန်ကြီးမရှိသော ပွင့်လင်းသော မောင့်အဖေနှင့် အမေတို့ သည် စိတ်သဘော ကောင်းကြလိမ့်မည်ဟု တွေးလိုက်သည် ။ တစ်နှစ်လျှင် နှစ်ခေါက် သုံးခေါက်မျှ ရောက်လာတတ်၍ ရင်းရင်းနှီးနှီး ဆက်ဆံရသောအခါ ထိုအတွေးမှန်ကြောင်း သိရသည် ။ မောင့်အဖေသည် ဇေယျဝတီသကြားစက် အုပ်ချုပ်ရေးအဖွဲ့ဝင် အရာရှိကြီး။ မောင့်အမေသည် ထိုမြို့ရှိ အထက်တန်းတစ်ကျောင်း ၏ ကျောင်းအုပ်ဆရာမကြီး။ မောင့်မိဘ၏ ဖော်ရွေပုံနှင့် ပတ်သက်၍ မောင့်ကို ပြောပြသည် ။ ကျောင်းပိတ်ရက် အတွင်း ဇေယျဝတီသို့ အလည်ခေါ်ပုံ၊ စာအရေးကောင်းပုံများကို ပြောလိုက်သည် ။ မောင်က ပြုံးရယ်ရင်း ပြန် ပြောသည် ။

"ချွေးမလောင်းကိုး ဗျ၊ ဂရုစိုက်မှာ ပေ့ါ"

နှုတ်ခမ်းတွန့်ပြလိုက်သည် ။

"ဒါတောင် မြေးမရသေးလို့ ၊ မြေးရရင် ဒို့ထက် ..."

"မောင်နော် ... မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေတယ်။ သူများ နားရှက်ပါတယ်ဆိုတာပဲ ခဏ ခဏ ပြောတယ်"

မောင်က ညာလက်မောင်းကို ယူကာ သူ့ပခုံးပေါ်သို့ တင်လိုက်၏။

"အဘိုးကြီး၊ အဘွားကြီးတွေရဲ့ သဘာဝကို ပြောပြတာပါ ထွေးရဲ့ ။ မြေးဦးဆိုရင် ပိုလို့ တောင် ကဲသေး သဗျ။ မဟုတ်ဘူး လား။ ဟဲ ဟဲ ...

မောင်က လူတွေရဲ့ သဘာဝကို ပြောတာပါ"

ရယ်ကျဲကျဲ မောင့်မျက်နှာကို ငဲ့၍ ကြည့်လိုက်သည် ။

"မောင် သိပ်ပြီး ကလေးချီချင်တာပဲ ထွေးရာ"

မောင့်ကို နောက်ချင် စချင်လာသည် ။

"ဈေးတန်းထဲမှာ သားသည် မအေတွေ ပြည့်လို့ ။ ကလေးတွေလည်း အပုံ"

"အို ... ဘာလုပ်ဖို့ လဲ"

"ချီဖို့ ပေါ့၊ မောင်ပဲပြောတယ် ... ကလေးချီချင်တယ်ဆို။ အဲဒီက လေးတွေ ချီချီပေးရင် ကလေးမအေ တွေက ကျေးဇူးတောင် တင်ကြဦး မှာ "

ပခုံးကို ဖျစ်ညှစ်ရင်း မောင်က ပြန်ပြောသည် ။

"အိုး ... ကျုပ်က သူများကလေးကို ချီချင်တာမှ မဟုတ်တာဗျ"

"မောင် သိပ်စိတ်ကူးယဉ်တာပဲနော်"

"ဘယ်ကလာ စိတ်ကူးယဉ်ဟုတ်ရမှာ လဲ။ လက်တွေ့လည်း ပါရဲ့ သားနဲ့ များ ။ ထွေးဟာလေ ... ပြောင် လိမ်တယ်"

မောင့်ရင်ဘတ်ကို လက်သီးဖွဖွဆုပ်၍ ထုလိုက်သည် ။ ရင်ထဲသို့ တိုး၍ ခေါင်းဝှက်ထားလိုက်သည် ။ ပြီး တော့ မောင့်ကိုယ်လုံးကို တအားဖ က်ထားလိုက်သည် ။ မျက်လုံးအစုံကို မှိတ်၍ နေလိုက်သည် ။ ရင်ထဲတွ င် အေးမြလိုက်သည် ဖြစ်ခြင်း၊ မောင်နှင့် ဝေးရမည်ကို ထိုအချိန်တွင် အ တွေးမိဆုံး။ ထို့ပြင် အစိုးရိမ်ဆုံး၊ အကြောက် ဆုံး။ တစ်လောကလုံးတွင် နှစ်ယောက်ထဲသာရှိနေချင်သည် ။ ဆန်းကြယ်သော စိတ်ကူးလေးတွေ

တစ်ခုပြီး တစ် ခု တည်ထောင်မိသည် ။ မောင်နှင့် အတူတူနေမည်။ သာယာသော အိမ်ထောင်ကလေးတစ်ခု ဖန်တီးလိုက်မည်။ မောင် တောင်းတသော သားတွေ၊ သမီးတွေ မွေးပေးမည်။ သားတွေ၊ သမီးတွေကို လိမ္မာရေးခြားရှိအောင် ဆုံးမ သွန်သင်ပေးရဦးမည်။ သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ပျော်ရွှင်ရွှင်ပင် ရှိရမည်။ မောင်က ပညာတော်သည် ၊ ဘွဲ့တွေ တစ်ခုပြီးတစ်ခု ရဦးမှာ သေချာသည် ။ မောင်က တက္ကသိုလ်မှာ မဟာအဓိပတိကြီး ဖြစ်လာနိုင်သည် ။ နိုင်ငံခြား သို့ မကြာမကြာ သွားရမှာ လည်းကျိန်းသေ။ ခဏတဖြုတ်ကလေးတောင်မှ ခွဲမနေနိုင်။ သည် တော့ မောင့်လက် ကို ဆွဲ၍ သွားလေရာသို့ လိုက်ကို လိုက်မည်။ တစ်ခုတော့ခက်သည် ။ နိုင်ငံခြားမှာ မောင်ပြောသောစကားကိုသာ နားလည်မည်ပ။ ကိုယ်က စာမှ မတတ်တာ။ အ,အကြီးလို မောင့်ဘေးမှာ ရပ်နေရမှာ ။ ထိုအခါ မောင်က ရှက်ချင် ရှက်နေဦးမှာ ။ ကိုယ်က စျေးသည် ။ ကြာတော့ မောင်က အထင်သေးသွားမှာ ။ ခုတော့ အထင်ကြီးစရာဟူ၍ ဗလာနတ္ထိ ။ သို့သော် ယခုအခါမှာ က မောင်ချစ်နေသေးသည် ။ အချစ်ပြယ်သောအခါ ရင်ကို ခွဲချင် ခွဲသွားမည် လား မဆိုနိုင်။ ပညာတွေ၊ အဆင့်တွေ၊ ပကာသနတွေ၊ ဂုဏ်ရည်တွေက ငိုစေရယ်စေနိုင်သည် ထင်ရ၏။ စိတ် ကူးယဉ်တိုင်း ချမ်းမြေ့စရာနှင့် အဆုံးမသတ်သည် တကားဟု မောရ၏။

သည် အခါ ခုကတည်းက စိတ်လျှော့ပစ်လိုက်ချင်သည် ။ မဖြစ်နိုင်သော စိတ်ကူးတွေ တွေးချင်လည်း တွေးမိပြန်သည် ။ အလွှာအနိမ့်အမြင့် သတ်မှတ်ရာနှင့် ဝေးရာအရပ်သို့ မောင့်ကို ဆွဲခေါ်ကာ ထွက်ပြေးသွားချင် သည် ။ လူစကားပြောတတ်သော တောင်ပီးစူးငှက်ကလေးတွေ နေရာအရပ်သို့ သွားနေချင်သည် ။ ရေခဲပြင်ပေါ် မှာ ရေခဲတုံးတွေဖြင့် အိမ်ဆောက်၍ နေကြသော အက်စကီးမိုးလူမျိုးတွေဆီမှာ မောင်နှင့် အတူသွားနေချင်သည် ။ အဟန့်အတား အနှောင့်အယှက်တွေ ကင်းရာသို့ လွ

တ်ကြောင်းရှာချင်သည် ။ သည် အကြောင်းတွေကို မောင့်ရင် တွင် မီပြီး ပြောပြခဲ့သည် ။ မောင်က ရယ်သည် ။ ပူတတ်လွန်းသည် ဟု ပါးချင်းအ ပ်ထားရင်း ဖြေသိမ့်သည် ။ မောင့် ကို ကြည့်ရသည် မှာ ဘာကိုမှ တွေးမ ထားသလို။ အရာရာအတွက် အသင့်ပြင်ပြီး ရှိထားသလား။ အေးစက်လွ န်း သလား။ တစ်ခါတစ်ခါ ခွဲခြားမရ။

"ဘာကြောင့် တော့ မသိဘူးမောင်ရဲ့ ။ ခုတစ်လော စိတ်ထဲမှာ တစ် မျိုးကြီး ခံစားရတယ်။ မောင်နဲ့ ထွေး နှစ်ယောက်ကြားထဲမှာ တစ်ခုခုခြားထားသလိုပဲကွယ်။ မမြင်ရအောင် ကွယ်ကာနေသလိုလည်း မဟုတ်ဘူး ။ သိပ်ကြည်လင်ပြီး သိပ်ထူလွန်းတဲ့ မှန်ချပ်ကြီးတစ်ခု ခြား ထားသလိုပဲ မောင်ရယ်။ မောင်နဲ့ ဘယ်လောက်အနေ ဝေးဝေး ...နီးနီး"

မောင်က မျက်မှောင်ကုပ်ထားရင်း စဉ်းစားနေဟန်ရှိသည် ။

"ဒီနှစ်ထဲမှာ ထွေး ဒီစကားမျိုးတွေ သိပ်ပြောတာပဲနော်"

ဆိုမည်ဆိုက ဆိုစရာ။ အမှတ်မဲ့အားဖြင့် စွဲထင်နေသော သံသယဆို သည် မှာ မီးခဲပြာဖုံး။ မောင့်ကို မြင်ရ ချိန်တွင် မောင်နှင့် စပ်လျဉ်းရာ စ ပ်လျဉ်းကြောင်းတွေ ပေါ်ပေါက်လာစမြဲ။ သာမန်အကြောင်းခြင်းရာတွေ က ရေးရေးသာ။ သာမာန်လူတွေကလည်း ဝါးဝါးသာ။ ထင်းခနဲ သတိရ မိသူမှာ တစ်ယောက်တည်း။ ခင်နှင်းအိ။

ပဌမအခေါက်အဖြစ် မောင့်မိဘတို့ ဆိုင်သို့ ရောက်လာသောအခါ မိ န်းကလေးတစ်ယောက်ပါ အတူ တကွ ပါလာသည် ။ မောင့်အမေက မိ တ်ဆက်ပေးသည် မောင့်နှမဝမ်းကွဲ။ အမည်က ခင်နှင်းအိ။ မန္တလေးတ က္က သိုလ်မှ ဘွဲ့ရ။ ဇေယျာဝတီကုန်သွယ်ရေးတွင် လက်ထောက်ဦးစီး။ မိ တ်ဆက်စကားထဲတွင် မပါဝင်သည် တို့ ကို အမြင်ဖြင့် သိသည် ။ ခင်နှင်းအိသည် အိမ်ထောင်ရှင် မဟုတ်သေး။ မျက်နှာဝိုင်းဝိုင်း၊ လုလှ။

သူ့ထက်ပင် တောင့် တင်းသည် ။ သူ့ထက် အရပ်နည်းနည်းရှည်မည်ဟု တွေး၏။ မောင်သည် သူ့ဝမ်းကွဲညီမကို ချစ်ခင်ပုံရသည် ။ နှုတ်သွက်လျှာသွက် ညီမကို ဦးစားပေးပုံရသည် ။ ထိုနေ့တွင် ခင်နှင်းအိက စတော်ဘယ်ရီဖျော်ရည်ကို လေးခွက် မှာ သည် ။ ထောပတ်သီးဖျော်ရည်ကိုပင် မောင် သောက်မည်ထင်သည် ။

"ကိုကြည်လွင်က ထောပတ်သီးပဲနော် ..."ဟု မေးသည် ။

"ကျွန်တော်လည်း စတော်ဘယ်ရီပဲ သောက်မယ်"ဟု မောင် ဖြေသည် ။ တတိယအခေါက်အဖြစ် ခင်နှင်းအိ ပါလာသောနေ့က သံသယအစပြုသည် ။

မောင်နှမချင်း စကားပြောပုံတွေက တစ်မျိုးဖြစ်နေသည် ။ နှမဖြစ်သူက အစ်ကိုဖြစ်သူကို 'ကို'ဟု ခေါ် သည် ။ နားတွင် စိမ်းနေ၏။ အစ်ကိုဖြစ်သူက နှမဖြစ်သူကို 'အိ'ဟု အဖျားဆွတ်ခေါ်ကိုကား ပြဿနာ မထားမိ။ မောင်က သူ့ကိုယ်သူ 'ငါ'ပုံဟု မသုံး၊ 'အစ်ကို' ဟု မသုံး၊ 'ကိုယ်'ဟု သုံးသည် ။ အခေါ်အဝေါ်တွေကို ဖယ်လျှင် ရနိုင်သေးသည် ။ အကြည့်တွေ၊ အမူအရာတွေကို စိတ်ထဲမှာ တစူးတရှဖြစ်လာသည် ။ စတော်ဘယ်ရီဖျော်ရည် သောက်အပြီးတွင် ခင်နှင်းအိက လက်ပွေ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပေးသည် ။ မောင်က လှမ်းယူကာ နှုတ်ခမ်းကို သုတ်သည် ။ အတွေးစ ဝင်လာလာချင်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရသည် ။ မလျော်သောအတွေးဟု တွက်လိုက်သည် ။ ယခုသော် မှန်တော့မည်ထင်ပ။

"မောင် တစ်ခွန်းမချန် ပြောပြမယ်။ ထွေး နားထောင်မလား"

"အင်း"

"မောင် ပြောပြတာတွေကို ယုံကော ယုံမှာ လား"

"အင်း"

လှူပ်ရှားတော့မည့် မောင်နှုတ်ခမ်းကို စောင့်ဆိုင်း၍ ကြည့်သည် မှာ ရှည်ကြာလှလေစွ။ နှုတ်ခမ်းအရေး အကြောင်းလေးတွေ လှုပ်နေသည် ကအစ မြင်နေရသည် ။ နှာသီးဖျားလေးတွေ တစ်ချက်တစ်ချက်၌ လှုပ် သွား သည် ။ မျက်ခုံးတွေက တစ်ခါတလေ ပင့်သွားသည် ။ မျက်ရစ်တွေ မ၂၁ လှဲ့လာသယောင်ယောင်။ မျက်တောင် မခတ်နိုင်အောင် သူ့ကို ငေးကြည့်လျက်ရှိသည် ။ မောင့်အကြည့်တို့ သည် သည် တစ်ခါလောက် တုန်လှုပ်ပုံမျိုးဟူ၍ ရှေးက မရှိစဖူး။ ကိုယ်နေကိုယ်ထားသည် ကြိုးဖြုတ် ချလိုက်ခြင်းခံရသော ရုပ်သေးရုပ်နှယ် ဖြစ်တော့မတတ်။ သူ့ပခုံးပေါ်ရှိ ထွေး၏ လက်ဖဝါးကို အသာဖယ်ချသည် ။ မောင်သည် အလွန်အမင်း လေးလံသော ဝန်ထုပ်၏ ဖိစီးထားခြင်း ခံရသူနှင့် မခြားသည့် နှယ်တ ကား။ မောင့်ကိုကြည့်ကာ ရင်တွေ ခုန်လာသည် ။ မောင့်အဖို့ ရာ သည် မျှအထိ နှလုံးကျပ်တည်းရမည်ဟု ကြို၍ သိရလျှင် မေးမိခဲ့မည်မဟုတ်။ ထို့ကြောင့် မပြောပါနှင့် တော့ဟု တား မည်အပြုတွင် ပင် မောင့်စကား တွေက နားထဲသို့ ရုတ်ခြည်း ရောက် လာလေ၏။

စကားသံတို့ ဖြင့် နှလုံးသွေးကြောကို တစ်ပါတည်း ဖြတ်တောက်ဖျ က်ဆီးပေးပါတော့လားဟု တောင့်တ မိလိုက်ချေ၏။

******

ခရေရွက်ခတ်သံကို ကြားရသည် ။

တုတ်တုတ်၏ သက်ပြင်းရှည်ချသံကို သဲ့သဲ့ကြားရသည် ။

"ထွေး အပြစ်တင်ရင် မမ ခံပါ့မယ်။ ဒါပေမဲ့ မမဘက်နေ ထွေး ပြန်စဉ်းစားလေ။ ကြည်လွင်က ပြောလို့ သာ မမ အခုပြောရတာ။ ကြည်လွင်က မပြောပါနဲ့ လို့ မမကို ပိတ်ထားတယ်။ ပြောလိုက်ရင် ထွေး စိတ်ဆင်းရဲ မယ်။ ပြီးတော့ ကြည်လွင်က မမကို ပြောတယ်။ သူနဲ့ ခင်နှင်းအိရဲ့ ဇာတ်လမ်းဟာ အနေနီးစပ်ပြီး ဖြစ်တာပါတဲ့ ။ လူကြီးတွေက သဘောတူထားပြီးသားမို့ သိပ်လွတ်လွတ်လပ်လပ် နေခွင့်ရနေတာနဲ့ ဖြစ်ခဲ့တဲ့ ဇာတ်လမ်းပါတဲ့ ။ သူ တကယ်ချစ်တာက ထွေးကိုပါတဲ့ ။ သူ ထွေးကို လက်ထပ်မှာ ပါတဲ့ ။ ဒါကြောင့် မမ မပြောပြခဲ့တာပါ ထွေး ရယ်"

ထွေး သဘောပေါက်ပြီး ဖြစ်လေသည် ။

"မမတုတ်ရဲ့ အနေအထားကို ထွေးသိပါတယ်"

"ထွေးကို မမ ဒီအကြောင်းတွေ ပြောပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ကြည်လွင့်ကို တော်တော် ယုံ ထားလို့ လည်း ပြောမပြဖြစ်ခဲ့တာပါ။ ဒါပေမဲ့ ရိုးတိုးရိပ်တိတ်တော့ မမ ပြောဖူးပါတယ်"

ထွေး ခေါင်းညိတ်ကာ ဖြေသည် ။

"ဟုတ်ပါတယ်။ စိတ်ဓာတ်ဖေးမတဲ့ စကားတွေ၊ သတိရှိစေမယ့် စကားတွေ၊ မမတုတ် ပြောပြောနေက တည်းက ရေးရေးတော့ အထင်သားပဲ။ သူ ပြောပြတာတွေ ကြားရတာလေ မိုးကြိုးပစ်ချလိုက်သလိုပဲ။ နားထဲကို ကျဉ်သွားတာပဲ မမတုတ်ရယ်။ သူက ပြောတယ်။ ခု လက်ထပ်ဆို ထပ်ပါ့မယ်တဲ့ ။ သူ့ကို ယုံပါတဲ့ ။ တစ်ခုရှိတာ က သူနဲ့ ခင်နှင်းအိက ခုထိ ရှင်းရှင်းလင်းလင်းမှ မဟုတ်သေးတာ"

စကားကို ခဏဖြတ်လိုက်သည် ။ မီးရှည်ဆိုင် အလုပ်သမားတစ်ယောက်က စားကြွင်းစားကျန်များ လွှင့်ပစ်ရန် အမှိုက်တောင်းကိုမ, ကာ ဘေးနားမှ ဖြတ်သွားသောကြောင့် ဖြစ်သည် ။ စကားအပြောအဆို

ကို ဆင် ခြင်ရသည် ။ စားသောက်တန်းတွင် လူမျိုးစုံလှသည် ။ တချို့က အေးသည် ။ တချို့က စပ်စုသည် ။ တချို့က အတင်းပြောတတ်သည် ။ အားအားရှိ ဘယ်သူ ခြေလှုပ်လက်လှုပ်ကိုမှု လိုက်ကြည့်နေတတ်သူမျိုး လည်း ရှိသည် ။ စိတ်နှလုံးကောင်းသူလည်း ရှိသည် ။ ခပ်စောစောကဆို လျှင် တုတ်တုတ်နှင့် စကားပြောနေသည် ကို ကွက်ကြည့် ကွက်ကြည့် လုပ်နေသူတချို့ရှိသေးသည် ။ တစ်ဆိုင်စ နှစ်ဆိုင်စသာ သိမ်းရန် ကျန် တော့သောအခါတွင် မှ စကား ပြောရ လွတ်လပ်လာသည် ။ တုတ်တုတ် ရောက်လာခါစတွင် အမေ မပြန်သေး။ စကားပြောချင်စိတ်က နှုတ်ခမ်း ပေါ်တွင် ခုန်ပေါက်ပြေးလွှားနေသည် ။ လေးနာရီလောက်တွင် ညနေစာ ချက်ရန် အမေ အိမ်ပြန်သည် ။ အမေ ပြန် လျှင် ပြန်ချင်း ဆိုင်ကို ကမန်း ကတန်း သိမ်းရသည် ။ စိတ်စောလွန်း၍ လား မဆိုနိုင်။ ဖန်ခွက်တစ်လုံး နှုတ်ခမ်း နည်းနည်းပွဲ့သွားသည် ။ သစ်ခွရည်ပုလင်းတစ်လုံး အက်သွား သည် ။ သိမ်းဆည်းပြီး ဆိုင်ခုံအောက် ထည့်ထား သော ပိုက်ဆံအိတ်ကို ယူလိုက်သည် ။ ထို့နောက် တံခါးကို စေ့ကာ သော့ခတ်လိုက်သည် ။ စပါးခွံတွေ၊ ပိုက်လုံး တွေ၊ အသီးခွံတွေကို မလှည်းမကျင်းတော့။ မနက် မနက် အစောကြီးထ လာပြီး ရှင်းလိုက်မည်ဟု တုတ်တုတ်ထံ သို့သာ ရောက်နေသောစိတ်ဖြင့် စဉ်းစားလိုက်၏။

"သူတို့ နှစ်ယောက် အခြေအနေကို မမတုတ် ဘယ်လိုထင်သလဲဟင် "

စားပွဲခုံပေါ် အကြောင်းမဲ့ ကြည့်နေရာမှ ထွေးကို လှည့်ကြည့်သည် ။

"ကျောင်းပိတ်ရက် ပြန်လာတဲ့ အခါကျတော့ အရင်ကလိုပါပဲ။ ဘာမှ ထူးထူးခြားခြား မတွေ့ရပါဘူး။ တပူးတွဲတွဲပဲလေ။ သူတို့ နှစ်ယောက်ကို လူကြီးချင်းလည်း သဘောတူပြီးသားဆိုတာ တစ်မြို့လုံး သိကြတာပဲ

ဟာ။ ကြည်လွင်က အချိုသတ်ပြီး မူမပျက်နေနေတာလားမှ မသိတာ"

ထွေး မျက်လုံးအစုံသည် ကံ့ကော်တောအုပ်ဆီသို့ တငေးတမော ရောက်နေသည် ။ ထွေးသည် သူ့စိတ်ကို သူ့ခန္ဓာမှ ခွာ၍ တစ်နေရာသို့ အရောက်လွှတ်နေသည် ဟု တုတ်တုတ်တွေးမိလေ၏။ ချစ်စဖွယ် နုနုန ယ်နယ် မျက် နှာကို တုတ်တုတ်ကြည့်နေသည် ။ မျက်လွှာချကာ တွေလျ က်ရှိရှာသူ မိန်းကလေးတစ်ဦး၏ သည်းပွတ်ကို စာနာ စိတ်ဖြင့် မြင်နေ သည် ။ အပြစ်ကင်းစင်သော မျက်လုံးလှလှလေးတွင် မျက်ရည်စတွေ တင်လာမည် စိုးသည် ။

"သူ့ကို ထွေး ယုံလည်း ယုံထားမယ်။ မျှော်လည်း မျှော်လင့်ထားမယ် ။ ဒါပေမဲ့ ဖြစ်လာသမျှအတွက် တော့ ထွေး ရင်ဆိုင်မယ် မမတုတ်"

တုတ်တုတ်သည် ပြုံးလိုက်၏။ စိတ်သက်သာရာ ရသွားပုံရလေ၏။

"မှန်တာပေ့ါ ညီမရယ် ... ဒီစိတ်ဓာတ်ကို တကယ်သာ ထွေး ထားနို င်မယ်ဆိုရင် အကောင်းဆုံးပေ့ါ"

ထွေး နှုတ်ခမ်းပေါ်တွင် အင်အားတွေ တစ်စနှစ်စ ရောက်လာသည် ထင်၏။ စောစောကလို ထိုင်းထိုင်း မှိုင်းမှိုင်းကြီး ဖြစ်မနေတော့။

"တကယ်ချစ်လွန်းတော့လည်း ဘာကိုပြု ရင်ဆိုင်ရ ရင်ဆိုင်ရ ဖြစ် လာတယ် မမတုတ်ရယ် သိလား။ ကိုယ့်ကြောင့် သူ့မှာ ဒုက္ခ သောကတွေ ဖြစ်မလာစေချင်တော့ဘူး"

တုတ်တုတ်၏ မျက်နှာသည် အိုကျသွားသည် ။ ထွေး စကားတစ်ခွန်း သည် သူ့ကို ကိုင်လှုပ်လိုက်သလို ဖြစ်စေပါလားဟု ချက်ချင်း ခံစားရချေ ၏။ ပြန်ပြောစရာစကားကို ရုတ်တရက် ရှာမတွေ့။ ထွေး၏ စကားလုံး နှင့် ရုပ်သဏ္ဍာန်တို့ သည် သူ့ကို လွှမ်းလာသလို ခံစားရချေ၏။

"ထွေးနဲ့ ပတ်သက်လို့ သူ့မှာ ဝန်မပိုစေချင်တော့ဘူး။ သူ အတတ်နိုင်ဆုံး ကြိုးစားလို့ ဖြစ်လာတဲ့ အခြေအနေဟာ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေပေါ့။ ထွေး လက်ခံပြီးသားပဲ။ သူ ဘာလုပ်ချင် လုပ်ချင် မိဘကလည်း ရှိသေးတယ် မဟုတ်လား။ နောက်ပြီးတော့လည်း သူ့မိဘနဲ့ ခင်နှင်းအိတို့ နဲ့ ဘယ်လိုပတ်သက်နေ တယ်ဆိုတာကို ထွေး ဘာမှ သိရတာ မဟုတ်ဘူး လေ"

တုတ်တုတ်သည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည် ။ သည် စကားအဆုံးတွင် သူ ပြောသင့် သည် ကို ပြောလိုက်သည် ။

"ခင်နှင်းအိအဖေက ဒုဗိုလ်ကြီး ခင်အေးတဲ့ ။ ကြည်လွင့်အမေ ဒေါ်စိန်မွှံနဲ့ မောင်နှမဝမ်းကွဲတော်တယ်။ ပြီးတော့ ခင်နှင်းအိအမေ ဒေါ်မြနှစ်နဲ့ ကြည်လွင့်အဖေ ဦးဇော်အောင်တို့ ကလည်း ဆွေရိပ်မကင်း မျိုးရိပ်မကင်း။ ကြည်လွင့်အဖေကို ဒေါ်မြနှစ်ရဲ့ အစ်မအကြီးဆုံးက မွေးစားခဲ့တာ"

တံတိုင်းပမာကို ထွေး မြင်လိုက်ရသည် ။ မောင် ထိုးဖောက်ရမည့် အင်အားကို တွေးမိသည် ။

"ထွေး သူ့ကို ဘယ်လောက်ချစ်မြတ်နိုးတယ်ဆိုတာ သူ သိခဲ့ပါပြီလေ ။ ထွေးဘက်က ချစ်သူတစ် ယောက်အနေနဲ့ ပြောစရာမရှိအောင် နေခဲ့တာပဲ။ ထွေး သစ္စာရှိခဲ့တာတွေ၊ ကြင်နာခဲ့တာတွေ သူ အသိပဲ မမ တုတ် ။ အင်းလေ ... လူ့လောကကြီးက ဘာမှ ရေရေရာရာရယ်လို့ ရှိတာမှ မဟုတ်တာ"

စကားလုံးတိုင်းကို အလေးအနက်ထားပြီး ထွေး ပြောလေသည် ။ မျက်နှာထားသည် ကြည်ကြည်လင် လင်ဟု ထင်ရ၏။ မျက်လုံးလေးတွေ လဲ့လျက်ရှိ၏။ နှုတ်ခမ်းကသာ ပြုံးနေသည် လား မဆိုနိုင်။

"ချစ်တဲ့ သူနဲ့ သာဆိုတာ အတူတူ နေချင်ကြတာချည်းပေါ့ မမတုတ်

ရယ်။ ဒါပေမဲ့ မနေရဘူးဆိုရင်ကော ထွေး တွေးတယ်လေ။ အတူသာ မနေချင် မနေရမှာ ချစ်တဲ့ အချစ်ကတော့ ပြယ်သွားမှာ လည်း မဟုတ်ဘူး ။ ပျောက်သွားမှာ လည်း မဟုတ်ဘူး ။ ပျက်ကွက်သွားတဲ့ သူကို အပြစ်တင်ချင်စိတ်လည်း ရှိမယ်မထင်ဘူး။ မပြော တတ်ပါဘူး မမတုတ်ရယ်။ ခုဟာက စိတ်ကူးနဲ့ ကိုး။ လက်တွေ့များကြုံရရင်တော့ ဘယ်လိုနေဦးမယ်မသိဘူး"

တုတ်တုတ်သည် ထွေး နှုတ်ခမ်းကို စိုက်၍ ကြည့်၏။ ထို့နောက်

"ထွေးအစား စိတ်မောလိုက်တာကွယ်"

ဖျတ်လတ်ခြင်းကင်းသော အပြုံးကို ထွေး တစ်ချက် ပြုံးပြသည် ။

"စိတ်ထဲမှာ ပေါ့ရွှတ်ရွှတ်ကြီးဖြစ်နေတယ်။ ဘာဖြစ်လို့ လဲ မသိဘူး။ ရင်ထဲမှာ ဟာတာတာကြီး မမ တုတ်ရယ် ...။ ဟင်း ...။"

ထိုင်ရာမှ ထလိုက်ကြသည် ။ တုတ်တုတ်၏ လက်မောင်းကို အသာ ဆုပ်ထားလိုက်သည် ။

"လေတိုက်ရင် လွင့်ပြီးပါသွားမှာ စိုးလို့ လားဟင်"

နေခြည်စသည် ပင် ကိုယ်ပေါ်မှ ရုတ်သိမ်းသွားလေပြီ။

******

မိုးစက်ကျသံ မကြားရ။

လေပြည်ကမူ ဝေ့လာသည် ။ မိုးနံ့တွေ သင်းလျက်ရှိသည် ။ ပုရစ်သံတွေကို ဆက်ကာဆက်ကာ ကြား ရသည် ။ ရင်ထဲတွင် အေးနေသည် ။

အသက်ကို အားပါးတရရှူလိုက်သည် ။ အပြင်ဘက်တွင် မှောင်ပိန်းနေသည် ။ မိုးစက်တွေ စင်ထားသောကြောင့် ထင်သည် ။ တစ်ကိုယ်လုံးအေးစက်နေသည် ။ ကိုယ့်ကိုယ်ကိုယ် သဘောကျ မိသည် ။ တစ်လောကလုံးတွင် ကိုယ်တစ်ယောက်တည်း နေရသလို ကျေနပ်မိ၏။ တွေးတတ်သော ဦးနှောက် တစ်ခုကိုသာ ဖယ်ထုတ်ထားလိုသည် ။ အမြင်တွေ၊ အကြားတွေ၊ အသိတွေအားလုံးကို ခဏတဖြုတ် ဖြစ်စေ မြှုပ် နှံထားချင်သည် ။ မှတ်တတ်သားတတ်သော သည်းခြေအိတ်ကို ဖောက်ပစ်ချင်သည် ။ မတန်တဆ ခံစားနေရသမျှ ကာလပတ်လုံး မတော်မသင့် တွေးတောနေဦးမည်လား မသိ။

ထိုင်ဖန်များ ၍ ထင်၏။ ကိုယ်တွေ လက်တွေ နာလာသည် ။ ပက်လက်ကုလားထိုင်ပေါ်တွင် ကိုယ်ကို ပြင်၍ ထိုင်သည် ။ ထိုအခိုက် အိပ်ခန်းထဲမှ အမေ့ချောင်းဟန့်သံကို ကြားရသည် ။

မျက်လုံးကို စုံမှိတ်လိုက်သည် ။ မှောင်အတိမှ မှောင်အတိ။

******

(၂)

အောင်စာရင်းတွေ တစ်တန်းပြီးတစ်တန်း ထွက်လာသည် ။

တတိယနှစ်အတွက် အောင်စာရင်းတွေ ထုတ်ပြီးသည့် နေ့မှ စ၍ စိတ်လှုပ်ရှားခြင်းမက လှုပ်ရှားလာ သည် ။ မောင် အောင်မည်ကို အတပ်သိပြီ။ သို့သော် မဟာဝိဇ္ဇာ တက်ခွင့်ရ မရ သိချင်လှသည် ။ စိတ်ထဲတွင် ထင် နေသည် ။ မောင် တက်ခွင့်ရလိမ့်မည်။ ထိုအခါ ကျောင်းသို့ မောင် ပြန်ရောက်လာဦးမည်။ မောင့်ပညာရေး မပြီး သေးသမျှ မောင်နှင့် အတူသည် နယ်မှာ တွေ့ဆုံခွင့်ရနေဦးမည်။ ထိုအတွေးတွေ ဝင်လာပြန်တော့လည်း ရင်ထဲမှ အပူသည် မြူမျှမရှိ။ မောင့်ကို မြင်နေချင်သည် ။ မောင် အလုပ်တွေများ ၍ သူ့ထံ မကြာမကြာ မလာနိုင်သည် ရှိ စေ၊ သည် မှာ မောင်ရှိနေသည် ဟု သိနေသောအသိက စိတ်သက်သာရာ ဖြစ်ရမည်တည့်။

နောက်ဆုံးနှစ် အောင်စာရင်း ထွက်မည့် ရက်ကို စောင့်ရသည် မှာ တစ်ရာသီစာမက ကြာသည် မှတ်၏။ မော်ကွန်းထိန်းရုံးမှ အသိအကျွမ်းတွေကို မသိမသာမေးရသည် ။ ရယ်မော နောက်ပြောင်တတ်သော၊ ဦးလေးလို ခင်နေသောသူက သူ မေးလွန်းအားကြီး၍ ကျီစယ်စကားဆို၏။

"ခဏခဏ မေးမနေပါနဲ့ ဗျာ၊ ခင်ဗျားက အောင်မှာ သေချာပါတယ်။ မဟာဝိဇ္ဇာ တက်ခွင့်တောင်မကပါ ဘူး။ နိုင်ငံခြားပါ တစ်ခါတည်း သွား

ရမှာ ပါ"

"ဒါပေါ့ ဦးလေးရဲ့ "

"နင်နဲ့ ဘာဆိုင်လို့ လဲ။ ဧကန္တ ဟဲ ... ဟဲ ... တစ်ယောက်ယောက်အတွက် မေးနေတာ မဟုတ်လား"

"ခင်နေတဲ့ ကျောင်းသူကျောင်းသားတွေ အောင် မအောင် သိချင်လို့ ပေါ့ ဦးလေးရဲ့ "

"ဟေ ... နင် ဒီမှာ ဆိုင်ထွက်တာ ဘွဲ့နှင်းသဘင်ဆောက်တဲ့ နှစ်နဲ့ တစ်နှစ်တည်း။ ကမ္ဘေ ကမ္ဘာထဲက။ ဘယ်တုန်းကမှ ဘယ်သူငယ်ချင်းအတွက်မှ နင် မမေးဖူးပေါင်။ ခုမှ အထူးအဆန်း"

"စကားကြုံလို့ မေးတာကို ဦးလေးက ပုံကြီးချဲ့ပြန်ပြီ"

"ဒီမယ် ဒေါ်သင်းကြည် ... ခင်ဗျား သမီး မေးနေတာတွေ ကြားတယ် မဟုတ်လား။ မလွယ်ဘူးဗျို့။ ကျုပ်ကိုတွေ့တိုင်း မြန်မာစာအဓိက နောက်ဆုံးနှစ် အောင်စာရင်း မထွက်သေးဘူးလားနဲ့ တစ်မေးတည်း မေးနေတယ်"

"အမယ် ... ဦးလေးကလည်း စိတ်ပညာအဓိကအတွက်လည်း ကျွန်မ မေးပါတယ်နော်"

တုတ်တုတ်အတွက် မေးသည် ကို အမေ မသိမည်စိုး၍ ပြောလိုက်ရသည် ။ အမေက ရယ်၍ နေသည် ။ အမေသည် မောင်နှင့် စပ်လျဉ်း၍ သိပြီး ဖြစ်နေမည်တော့အမှန်။ အခြေအနေအစုံကို တုတ်တုတ်လောက်မူ မသိ။ သိ၍ လည်း မသင့်။ အမေသည် သူ့ကို ယုံကြည်စိတ်ချထားပုံရသည် ။ စိတ်လိုစိတ်ရ ရှိပါမှ တစ်ခွန်းတလေ စောင်းပါးရိပ်ခြည် ပြောတတ်သည် ။

"မိန်းကလေးဆိုတာ အစစ သတိကြီးရတယ် သမီး။ စကားဆိုတာ ပါးစပ်ရှိတဲ့ လူတိုင်း ပြောလို့ ရတာ။ လူကို ယုံထိုက်လို့ ယုံလို့ ရနိုင်တယ် သမီး။ စကားဆိုတာ ယုံထိုက်တောင်မှ သိပ်ယုံလို့ မဖြစ်ဘူးကွယ့်"

မောင်နှင့် အတူ အပြင်သို့ လျှောက်ပြုလည်ပတ်သောအခါ အမေ့ကို မလိမ်ချင်။ မောင်နှင့် သွားမည်ဖြစ် ကြောင်း၊ ရုပ်ရှင်ကြည့်မည်ဆိုက ဘယ်ရုံဘယ်ကားဖြစ်ကြောင်း၊ ဘုရားသွားမည်ဆိုက ဘယ်ဘုရားသို့ သွားမည် ဖြစ်ကြောင်း အတိအကျပြောသည် ။ အမေက မိုးမချုပ်ရန် ဦးစွာမှာတတ်သည် ။ ထို့နောက် သည် အိမ်မှ နှစ် ယောက်အတူ မထွက်ရန် ပြောသည် ။ အဆုံးစကားမှာ မှာ ကြားနေကျ။ လူပြတ်ရာသို့ မသွားကြရန်၊ ဆိတ်ကွယ် ရာတွင် မတွေ့ဆုံရန်၊ စိတ်မနုရန် သတိပေးစကားတွေ ဖြစ်လေ၏။

"လူတွေအကြောင်း၊ လောကအကြောင်းကို သမီးက ဘာမှ သိတာမဟုတ်သေးဘူး။ သမီး လူ့လောက ထဲ ရောက်လာတာ အသက်အစိတ်တောင် ပြည့်သေးတာ မဟုတ်ဘူး ။ ပြီးတော့ ချစ်သူထားတာနဲ့ အချစ်အကြောင်းနဲ့ ကို ခွဲခြားနားလည်နိုင်ဦးမှာ လည်း မဟုတ်သေးဘူး။ မိန်းကလေးဆိုတာက ကြိုးတန်း လမ်း လျှောက်နေရတဲ့ လူလိုပဲ သမီးရဲ့ ။ အတိမ်းအစောင်းနည်းနည်းလေးမှ ခံတာ မဟုတ်ဘူး ။ နောက်ပြီးတော့ လူတွေ ရဲ့ သဘောကို သမီး နားလည်ဖို့ ဆိုတာလည်း အများကြီးလိုသေးတယ်လေ။ မောင်ကြည်လွင်ကိုတော့ အမေ့ယုံပါ တယ်။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကိုတော့ အများကြီး စဉ်းစားရလိမ့်မယ်။ စကားကုန်ပြောရရင် မောင်ကြည်လွင်ရယ်၊ ဘယ်သူရယ် ဘယ်ဝါရယ်လို့ မသတ်မှတ်ချင်ဘူး။ ဘယ်သူပဲဖြစ်ဖြစ်ပေါ့။ သမီးဘဝကို အညွန့်ချိုးသွားမှာ အမေ စိုးတယ်။ အမေတို့ ဆင်းရဲတယ်လေ။ သိက္ခာပါ မဆင်းရဲချင်ဘူး။ သမီးကိုယ်သမီး ထိန်းသိမ်းတာတင်မကဘူး။ အမေ့အ

တွက်ပါ ထိန်းသိမ်းတယ်လို့ သမီး သဘောထားပေ့ါ"

အရှည်လျားဆုံးဟု ဆိုရမည့် စကားများကို အမေ ပြောခဲ့ပြီးသည့်နောက် ထပ်မံပြောဆိုခြင်းမရှိတော့။ အမေ့တွင် သည် သမီးတစ်ယောက်သာ တစ်လောကအဖြစ်နှင့် တည်ရှိခဲ့သည် ဟု နားလည်ထားသည် ။ အမေ့တွင် အချစ်ဟူသမျှကို သူ့ထံ၌ သာ အပြီးတိုင် ပုံလျက်သား ထားရှိခဲ့သည် ။ အမေ့စကားတွေကို အစဉ်နားထောင်ခဲ့ သည် ။ သို့သော် အမေ့စကားတစ်ခွန်းကိုမူ ချိုးဖောက်မိခဲ့သည် ။

ထိုနေ့က အမေ့ကို ဖွင့်ပြောပြပြီး ခွင့်လွှတ်ရန် တောင်းပန်မည် စိတ်ကူးသေးသည် ။ သို့တစေ နှုတ်မရဲ၊ စိတ်မဝံ့။ ပြောရမည့်ပင် လိပ်ပြာရှက်လေသည် ။ စိတ်ကို ထားစရာနေရာမရှိအောင် မောင်က ယောက်ယက်ခတ် စေခဲ့ပြီကိုး။ အတန်တန်တောင်းပန်ခဲ့ပါလျက်၊ အမျိုးမျိုးရှင်းပြခဲ့ပါလျက် မောင် ဆိုးလိုက်တာမှ တအား။ ကြည် ဖြူသည် ကား တစ်မျှင်မရွေ့။ ဖြစ်ပေါ်လာတတ်သော အခြေအနေအရပ်ရပ်ကို မောင် မသိမဟုတ်။ အသိ။ ပို၍ သိအောင် ပြောမပြ မရှိ၊ အရှိ။ သည် အထဲမှ ပင် အတင်း။ ကြာတော့ နှုတ်ညောင်းလာသည် ။ စိတ်မောလာသည် ။ 'သဘောပဲ မောင်ရယ်'ဟု ဆိုပစ်လိုက်သည် ။ မောင်သည် ထိုင်နေရင်းနှင့် အခြားစကြဝဠာဆီသို့ ခေါ်သွားသည် ။

အရောင်အသွေးလင်းလက်သော၊ မျက်စိကျိန်းစေတတ်သော၊ အနိမ့်အမြင့်များ စွာ ကွာခြားသော၊ နှလုံး သွေးကိုအနွေးအမြန် ထူထပ်စေသော ဒေသသစ်တွင် ရှည်ကြာစွာ သွားရောက်နေထိုင်ရသည့် နှယ်တကား။

"သိပ်ချစ်တယ် ထွေးရယ်"

"ထွေးလည်း ဒီလိုပါပဲကွယ်"

"မြတ်လည်း သိပ်မြတ်နိုးမိတယ်"

"ကျေးဇူးတင်ပါတယ် မောင်ရယ်"

"ဘယ်တော့မှ မခွဲဘူး"

"မောင့်လိုပဲပေါ့ ချစ်ရယ်"

"အချစ်ကြီးတော့လည်း ဘာကိုမှ မမြင်တော့သလိုပဲ ထွေးရဲ့ "

"ထွေးကိုပါ မမြင်တဲ့ အထိတော့ မဖြစ်နဲ့ ဦးလေ"

"သိပ်စကားတတ်တဲ့ ကြက်တူရွေးမ၊ ပိုတယ်"

"ကြက်တူရွေးမဆိုရင် ပျံပြေးမှာ မောင် မကြောက်ဘူးလား"

"ဘာရမလဲ၊ ပျံမရအောင် တောင်ပံတွေ ညှပ်ထားမှာ ပေါ့"

"ခုထိ 'မှာ ပေါ့' ပဲ ရှိသေးလားကွယ်။ 'တောင်ပံတွေ ညှပ်လိုက်ပြီ' လို့ မပြောဘူးလား။ တောင်ပံပဲလား ဟင်၊ ခေါင်းကိုကော ဖြတ်ပစ်ဦးမှာ လားကွယ်"

"ခွေးမလေး ... စကားသိပ်တတ်လွန်းတော့ မုန်းတယ်"

"တကယ် ..."

"တကယ်ပေါ့ ..."

'ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် နိမိတ်ထွန်းသည် ဟူသော စကားသည် မမှန်ပါစေနှင့် ' ဟု ဆု တောင်းရ၏။

******